ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့။ Monday, 3 July 2023 ၁၁၁၄၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိ

## စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများ ပိုမိုဆောင်ရွက်နိုင်ပြီး ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာ၊ စက်မှုနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်

နေပြည်တော် ဇူလိုင် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ရှိ မင်္ဂလာခန်းမ၌တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များကို ကဏ္ဍအလိုက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

**ယနေ့ ဖတ်စရာ**

မြန်မာအမျိုးသမီး လူ့စွမ်းအားအရင်းအမြစ်များ
ဆောင်းပါး
စာမျက်နှာ » ၇

ဒေသနှင့်ကိုက်ညီပြီး မုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရည်ရှိသော မြို့ပြတည်ဆောက်မှုကို ထိခိုက်မှုမရှိစေမည့် သစ်ပင်များကို ရှင်သန်ကြီးထွားအောင် စိုက်ပျိုးကြရမည်
စာမျက်နှာ » ၉

ချူကလီးယားစွမ်းအင်၏ အသုံးဝင်မှုများနှင့် ၎င်း၏အန္တရာယ်
ဆောင်းပါး
စာမျက်နှာ » ၁၁

ကြေးမုံ

# သိပ္ပံဆိုင်ရာဗဟုသုတများတိုးပွား နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးထောက်ကူ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း (ROSATOM) တို့ပူးပေါင်းကျင်းပသော သိပ္ပံပွဲတော် ၂၀၂၃ ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာတို့၌ ဇွန်လ ၂၈ ရက်နေ့မှ ဇူလိုင်လ ၁ ရက်နေ့အထိ ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူများ၊ သိပ္ပံဆိုင်ရာကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ သိပ္ပံပညာကို စိတ်ဝင်စားသည့် ပြည်သူများ လာရောက်လေ့လာခဲ့ကြသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့်နိုင်ငံဖြစ်သော်လည်း ပြည်သူများအနေဖြင့် ခေတ်မီတိုးတက်နေသော သိပ္ပံနှင့်နည်းပညာလောကတွင် အားလုံးတန်းတူ တိုးတက်မှုများရရှိနိုင်ရန်အတွက် သိပ္ပံနှင့်နည်းပညာရပ်များကို စိတ်ဝင်စားကြသည်။ နိုင်ငံတကာတွင် သိပ္ပံနှင့်နည်းပညာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖြင့် လောကသစ်အား တည်ဆောက်နေကြသည်ကို အတုယူအားကျဖွယ်မြင်တွေ့နေကြရသည်။ မြန်မာနိုင်ငံတွင် ယခုကဲ့သို့ သိပ္ပံပြပွဲတစ်ခုကို ရှားရှားပါးပါး ကြုံခဲ့ရခြင်းသည် မြန်မာနိုင်ငံသူ နိုင်ငံသားများအတွက် နိုင်ငံ၏အနာဂတ်တွင် မျှော်လင့်ချက်လမ်းစတစ်ခုဟု ဆိုချင်သည်။

သိပ္ပံပွဲတော်ကို ကျင်းပနိုင်ခြင်းအားဖြင့် အခြေခံပညာအဆင့်မှသည် တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ကဏ္ဍအလိုက်တာဝန်ထမ်းဆောင်နေကြသည့် လူငယ်ပညာရှင်များအထိ နျူကလီးယားပညာရပ်အပါအဝင် သိပ္ပံဆိုင်ရာအသိအမြင်များ၊ သိပ္ပံဆိုင်ရာ အတွေ့အကြုံဗဟုသုတများ တိုးပွားလာစေခြင်း၊ အများပြည်သူတို့ သိပ္ပံပညာကို ပိုမိုစိတ်ဝင်စားစေပြီး သိပ္ပံပညာရပ်ဆိုင်ရာ အသစ်အဆန်းများကို လေ့လာစူးစမ်းလိုစိတ်ဖြစ်ပေါ်လာစေခြင်း၊ ပညာရေးကဏ္ဍတွင် လူငယ်များအတွက် တိုးတက်လိုသော စိတ်ဓာတ်ခွန်အားများ မြှင့်တင်ပေးနိုင်ခြင်းနှင့် မီဒီယာများမှတစ်ဆင့် နိုင်ငံအတွင်း နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာများ ပြန့်ပွားလာခြင်းတို့ ဖြစ်ပေါ်လာနိုင်ရာ နိုင်ငံတော်၏ သိပ္ပံနှင့်နျူကလီးယားစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

သုံးရက်တိုင်ကျင်းပခဲ့သည့် သိပ္ပံပွဲတော်တွင် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် နျူကလီးယားနည်းပညာနှင့် သိပ္ပံပညာဆိုင်ရာ ဉာဏ်စမ်းဂိမ်းပြိုင်ပွဲများကျင်းပပြီး ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့အပြင် ဘွဲ့ကြို၊ ဘွဲ့လွန်ကျောင်းသား ကျောင်းသူ၊ လူငယ်ပညာရှင်များပါဝင်သည့် အဖွဲ့လိုက်ပြိုင်ပွဲ၊ အဖွဲ့လိုက်သရုပ်ပြပြိုင်ပွဲများ၊ ရန်ကုန်နည်းပညာတက္ကသိုလ်အတွင်း လေ့လာရေးအစီအစဉ်များ၊ အင်ဂျင်နီယာကျောင်းသား ကျောင်းသူများက နျူကလီးယားစွမ်းအင်နှင့် ဆက်စပ်သိပ္ပံခေါင်းစဉ်များအလိုက် ဆွေးနွေးခြင်း၊ ရုရှားနိုင်ငံမှ ကျွမ်းကျင်သူများက ပြန်လှန်မေးမြန်းဆွေးနွေးခြင်း၊ မီဒီယာများအတွက် နျူကလီးယားဆိုင်ရာ အသိပညာဗဟုသုတများ မျှဝေပေးခြင်းအစီအစဉ်များပါဝင်သည်။

သိပ္ပံပွဲတော် ဒုတိယနေ့တွင် Hack Atom ပြိုင်ပွဲဝင်အသင်း ၁၁ သင်းတို့မှ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများက နျူကလီးယားနည်းပညာဖြင့် လျှပ်စစ်စွမ်းအားထုတ်လုပ်မှု၊ နျူကလီးယားဆေးပညာ စသည့် ငြိမ်းချမ်းစွာ အသုံးပြုမှုဆိုင်ရာ အသိပညာများကို ပြည်သူများထံ ထိရောက်စွာဖြန့်ဖြူးပေးနိုင်ရေးအတွက် လက်တွေ့ကျသော နည်းလမ်းများရှာဖွေပြီး ၂၄ နာရီအတွင်း ၎င်းတို့ဆောင်ရွက်ထားရှိသည့် အင်တာနက်အက်ပလီကေးရှင်းနှင့် ဝက်ဘ်ဆိုက်များဖန်တီးမှုနှင့် ရလဒ်များကို ပါဝါပွိုင့်များဖြင့် စိတ်ဝင်စားဖွယ် ရှင်းလင်းတင်ပြခဲ့သည်။ ယခုပြုလုပ်သော သိပ္ပံပွဲတော်ကို မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပပြုလုပ်ခြင်းဖြစ်ပြီး ပွဲတော်တွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံမှ သိပ္ပံပညာရှင်များ၏ ဆွေးနွေးချက်များနှင့် ခင်းကျင်းပြသမှုများသည် မြန်မာနိုင်ငံမှ ပြည်သူများအတွက် သိပ္ပံပညာဆိုင်ရာ အသိအမြင်ဗဟုသုတများ များစွာတိုးပွားရရှိခဲ့သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရာ၌ သိပ္ပံပညာသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးရေး၊ လူမှုစီးပွားတိုးတက်ရေးကို ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းနေသော သိပ္ပံပညာရပ်များ လိုအပ်သည်။ ခေတ်မီတိုးတက်ပြီး အဆင့်မြင့်မားသည့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင်လည်းကောင်း၊ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ပညာရပ်ဆိုင်ရာများ လေ့လာဆည်းပူးရာတွင်လည်းကောင်း တိုးတက်ဖြစ်ထွန်းနေသည့် သိပ္ပံပညာရပ်များ ပေါင်းစပ်ဆောင်ရွက်မှသာ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် တိုးတက်မှုများရရှိမည်ဖြစ်သည်။ အများပြည်သူ လူမှုဘဝနယ်ပယ်တွင် ယခုကဲ့သို့ ပြည်သူများစိတ်ဝင်စားသည့် သိပ္ပံပညာရပ်များကို ပထမဆုံးမျှဝေပေးခဲ့သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအား ကျေးဇူးတင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံအဖြစ်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသော အချိန်အခါ၌ ပြည်သူများကြားတွင် သိပ္ပံပညာရပ်များနှင့် ငြိမ်းချမ်းစွာ အသုံးချနိုင်မည့် နျူကလီးယားဆိုင်ရာ ပညာရပ်များကို မျှဝေပေးနိုင်ခဲ့သဖြင့် အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာ၌ များစွာအထောက်အကူပြုမည်ဖြစ်ပါကြောင်း။ ။

# မော်လမြိုင်မြို့၌ ခရိုင်အဆင့် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဖတ် ပူဇော်မှုပြိုင်ပွဲ ကျင်းပ



မော်လမြိုင် ဇူလိုင် ၂

မွန်ပြည်နယ် မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဖတ်ပူဇော်မှုပြိုင်ပွဲကို ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီက မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ယု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ယု၊ ဆရာတော်၊ သံဃာတော်များနှင့် ပြိုင်ပွဲဝင် ဝတ်ရွတ်အသင်းများ တက်ရောက်ကြသည်။

ပြိုင်ပွဲကို သံဖြူဇရပ်မြို့နယ်၊ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်နှင့် မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ ဝန်ထမ်းများပါဝင်ရွတ်ဖတ်ပူဇော် ပြိုင်ပွဲဝင်ခဲ့ကြကြောင်း သိရသည်။

ဦးစွာ အခမ်းအနားအား နမောတဿ (၃)ကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ခရိုင်/မြို့နယ်အလိုက် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ကျင်းပခဲ့ပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ခရိုင်အဆင့် အကောင်းဆုံးပါဝင်ယှဉ်ပြိုင်ဆုနှင့် ခရိုင်အဆင့် အကောင်းဆုံးဆုရရှိသော မြို့နယ်များအား ခရိုင်အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်ယုက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❖

# မိုးညှင်းမြို့၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

မိုးညှင်း ဇူလိုင် ၂

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးတွင် အခြေခံစားသောက်ကုန်များအား သက်သာသောဈေးနှုန်းဖြင့်



ယမန်နေ့နံနက်ပိုင်းမှစတင်၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ရောင်းချရာတွင် ဆန်၊ ဆီနှင့် ကြက်သွန်နီတို့ကို ဈေးနှုန်းသက်သာစွာဖြင့် သမဝါယမအသင်းသား အသင်းသူများနှင့် ဒေသခံပြည်သူများအား ရောင်းချပေးလျက်ရှိရာ ဆန် ငါးပြည်အိတ် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့်လည်းကောင်း ရောင်းချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဟောပြော



ပုသိမ် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း၌ (၁၀၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးကျော်နိုင်ထွန်းက အမှာစကားပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သော သဝဏ်လွှာကို ဧရာဝတီတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ခေတ္တဒုတိယဥက္ကဋ္ဌ ဦးထွန်းဟန်က ဖတ်ကြားခဲ့သည်။ ထို့နောက် သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား နို့မှုန့်များ ပေးအပ်လှူဒါန်းရာ သင်တန်းကျောင်းတာဝန်ခံက လက်ခံရယူခဲ့သည်။

ဆက်လက်၍ သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဆွေနှင့် ဦးစည်သူလင်းအောင်တို့က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့နှင့် စပ်လျဉ်းသည့် ဗဟုသုတများကို ရှင်းလင်းဟောပြောခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | သတင်းထောက်များ | ဦးသန်းတင်အောင် |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❖ **မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်သည့် ရေမြေသယံဇာတများ ပေါများစွာရှိပြီး အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များလည်း ရှိပြီးဖြစ်**

❖ **စားရေရိက္ခာထုတ်လုပ်မှုနှင့် ပတ်သက်၍ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ များပြားခြင်းများကြောင့် ရှိသင့်သည့်ကုန်ဈေးနှုန်းထက် ကြီးမြင့်နေသည်ကိုတွေ့ရ**

❖ **ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းကြောင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် မြေသယံဇာတ၊ ရေသယံဇာတ အခြေခံကောင်းများရှိပြီးဖြစ်သည့် မိမိတို့နိုင်ငံအတွက် ထုတ်လုပ်မှုနည်းပါးခြင်းကြောင့် မဖြစ်သင့်**

✪ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်း၊ ဦးအောင်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော်ဝန်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### နိုင်ငံ့စီးပွားမြင့်တင်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန် တွေ့ဆုံခြင်းဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရေးအတွက် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) အနေဖြင့် အဓိကအားဖြင့် ထုတ်လုပ်မှုအပိုင်း၊ ကုန်သွယ်မှုအပိုင်းနှင့် ဝန်ဆောင်မှုအပိုင်း စသည့် အပိုင်း သုံးပိုင်းဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါအချက်များသည် နိုင်ငံ၏ GDP တွက်ချက်မှုတွင်ပါဝင်သည့် အပိုင်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါကဏ္ဍများ၌ စက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် အခြားလုပ်ငန်းများစွာလည်း ပါဝင်ကြောင်း၊ ထို့ကြောင့် ယင်းကဏ္ဍများအားလုံးနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားနိုင်ရန်နှင့် လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ သာယာဝပြောရေးဆိုသည်မှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရမည်၊ ပြည်သူများအေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်မှုရှိရမည်၊ ပညာသင်ကြားနိုင်ရမည်ဖြစ်ကြောင်း၊ မြို့ပြများတွင်သာမက ကျေးလက်ဒေသများပါမကျန် တစ်နိုင်ငံလုံးတွင် ထိုသို့ဖြစ်ရမည်ဖြစ်ကြောင်း။

### စားရေရိက္ခာဖူလုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှိပြီးဖြစ်သည့် အရင်းအမြစ်များနှင့် သယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်ရမည်

စားရေရိက္ခာဖူလုံရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်သည့် ရေမြေသယံဇာတများ ပေါများစွာရှိပြီး အလုပ်လုပ်ကိုင်ဆောင်ရွက်နိုင်သည့် လူသားအရင်းအမြစ်များလည်း ရှိပြီးဖြစ်ကြောင်း၊ သို့သော် စားရေရိက္ခာထုတ်လုပ်မှုနှင့် ပတ်သက်၍ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များ များပြားခြင်းများကြောင့် ရှိသင့်သည့်ကုန်ဈေးနှုန်းထက် ကြီးမြင့်နေသည်ကို တွေ့ရကြောင်း၊ ဝယ်လိုအားနှင့် ရောင်းလိုအား မျှတမှုမရှိခြင်းကြောင့် အခြေခံစားသောက်ကုန်များ ဈေးနှုန်းကြီးမြင့်ရခြင်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့် မြေသယံဇာတ၊ ရေသယံဇာတ အခြေခံကောင်းများရှိပြီးဖြစ်သည့် မိမိတို့နိုင်ငံအတွက် ထုတ်လုပ်မှု နည်းပါးခြင်းကြောင့် မဖြစ်သင့်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည့်မြေများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးမွေးမြူထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရိက္ခာများဖူလုံသင့်သလောက် ဖူလုံခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ယခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၄ ဒသမ ၉ သန်းရှိပြီး ခြောက်သန်းကျော်သာ သီးထပ်စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးသည့် အချိန်တွင် ပဲ၊ ပြောင်း၊ နှမ်း၊ နေကြာနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပြီး ကျန်ရှိသည့် ခုနစ်သန်းကျော်တွင် သီးထပ်များစိုက်ပျိုးခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ အဆိုပါ စိုက်ပျိုးခြင်းမရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အခြေခံရေသယံဇာတများ လုံလောက်စွာရှိသော်လည်း စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေများရရှိရေး ကြိုးပမ်းဆောင်ရွက်ပြီး မြေကို အကျိုးရှိစွာအသုံးချနိုင်မည်ဆိုပါက စားရေရိက္ခာများ ဖူလုံပြည့်ဝလာမည်ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ်မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်ကြောင်း။**

နိုင်ငံတော်တွင်ရှိသည့် မြေပေါ်မြေအောက်သယံဇာတများကို ထုတ်ယူသုံးစွဲရာတွင် မြေအောက်သယံဇာတပစ္စည်းများသည် ထုတ်ယူသုံးစွဲပြီး ကုန်ဆုံးသွားပါက ပြန်လည်ဖြည့်တင်း၍ ရနိုင်မည်မဟုတ်ကြောင်း၊ သတ္တုပစ္စည်းများကို ထိုက်သင့်သလောက်သာ ထုတ်လုပ်ခွင့်ပြုထားကြောင်း၊ တွင်းထွက်ပစ္စည်းများထုတ်လုပ်ရာတွင် ကုန်ကြမ်းပစ္စည်းများထုတ်လုပ်ခြင်းထက် ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်ခြင်းကို ဆောင်ရွက်ရန်လိုကြောင်း၊ မြေအောက်သယံဇာတများသည် ချက်ချင်းပြန်လည်ရရှိခြင်းမရှိဘဲ နှစ်ပေါင်းများစွာ စုဆောင်းရခြင်းဖြစ်ကြောင်း၊ မြေပေါ်သယံဇာတများသည် လူများက ပြန်လည်ဖြည့်ဆည်း၍ရကြောင်း၊ ဥပမာအားဖြင့် သစ်တောများ ထုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုး ဖြည့်တင်းဆောင်ရွက်နိုင်ကြောင်း၊ သစ်တောစိုက်ပျိုးရန် ခွင့်ပြုထားသည့် အချို့မြေနေရာများ၌ သစ်ပင်သစ်တောများကို မှန်ကန်စွာ စိုက်ပျိုးထုတ်လုပ်ခြင်းမရှိသည်ကို တွေ့ရှိရကြောင်း၊ ယခင်ကခွင့်ပြုခဲ့သည့် အဆိုပါ စိုက်ပျိုးမြေများပေါ်တွင် အမှန်တကယ်စိုက်ပျိုးခဲ့မည်ဆိုပါက ယခုအချိန်တွင် သစ်ထုတ်လုပ်မှုများဆောင်ရွက်၍ ပြည်ပသို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

### ပြည်တွင်းစားသုံးဆီဖူလုံရေး ကြိုးပမ်းဆောင်ရွက်

စက်မှုလက်မှုလုပ်ငန်းများတွင် MSME လုပ်ငန်းများလည်းပါဝင်ကြောင်း၊ MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း၌ရရှိရန်သေချာသည့် ကုန်ကြမ်းပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်ခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသေချာဆုံးကုန်ကြမ်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို ထုတ်လုပ်လျက်ရှိပြီး ဆန်စက်၊ ဆီစက်များသည် စက်မှုလုပ်ငန်းများတွင် အကျုံးဝင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများထွက်ရှိသဖြင့် ဆီစက်လုပ်ငန်းများကို လည်ပတ်နိုင်ကြောင်း၊ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုပ် စသည့်ဆီထွက်သီးနှံများ၏ လက်ရှိအထွက်နှုန်းအတိုင်း ဆီထုတ်လုပ်မည်ဆိုပါက စားသုံးဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါဆီထွက်သီးနှံများကိုအသုံးပြုရာတွင် မြေပဲ၊ နှမ်းများမှာ ရိုးရာနည်းဖြင့် စားသုံးခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ဆီထုတ်လုပ်ခြင်းများ ဆောင်ရွက်ကြကြောင်း၊ ရိုးရာစားသုံးမှုနှင့် ပြည်ပသို့တင်ပို့ခြင်းများကြောင့် ထွက်ရှိသည့်မြေပဲနှင့် နှမ်းများ၏ ရာခိုင်နှုန်းထက်ဝက်ခန့် လျော့နည်းသွားသဖြင့် ပြည်တွင်းဆီဖူလုံမှုကို လျော့နည်းသွားစေကြောင်း၊ ထို့ကြောင့် ဆီထွက်သီးနှံများကို ပြည်ပသို့တင်ပို့ခြင်းထက် ဆီထုတ်လုပ်ခြင်း၊ ရိုးရာနည်းဖြင့်စားသုံးမှုများကို ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ပြည်တွင်းစားသုံးဆီဖူလုံမှုကို ဖြေရှင်းနိုင်ရန်အတွက် မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများကို ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင်စိုက်ပျိုးထုတ်လုပ်နိုင်ရန်လိုကြောင်း၊ အထွက်ကောင်းမျိုးများ စိုက်ပျိုးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက်နှုန်းတိုးတက်စေရန်အတွက် မျိုးကောင်းမျိုးသန့်များရရှိရန်သာမက၊ ထိုက်သင့်သည့်မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ စိုက်ပျိုးရေများ လုံလောက်စွာရရှိရန်နှင့် စိုက်နည်းစနစ်များမှန်ကန်စွာ စနစ်တကျစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ အလားတူ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံ စိုက်ပျိုးမှုမှာ (စားအုန်းဆီ)မပါစိုက်ဧက ရှစ်သိန်းရှိပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စားသုံးဆီဖူလုံမှုမှာ ၂၄၉ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်သဖြင့် ပြည်ပမှ ဆီတင်သွင်းနေရမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထုတ်လုပ်မှုများကို မြှင့်တင်နိုင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးမှာ များစွာတိုးတက်ပြောင်းလဲသွားနိုင်ကြောင်း။

**ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းများကို ပြည်ပသို့တင်ပို့ခြင်းထက် ပြည်တွင်း၌ ဆီထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ဆီစက်များလည်ပတ်ရခြင်း၊ တိရစ္ဆာန်အစာအတွက် လိုအပ်သည့် နှမ်းဖတ်၊ ပဲဖတ်များရရှိခြင်း၊ အလုပ်အကိုင်များရရှိခြင်းများဖြစ်ပေါ်ပြီး ပြည်တွင်းဆီဖူလုံမှုကို များစွာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊**

စာမျက်နှာ ၄ သို့ »»

»»» စာမျက်နှာ ၃ မှ

အလားတူ အခြားသယ်ယူပို့ဆောင်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း လည်ပတ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ **စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ စတင်လိုက်သည့် ထုတ်လုပ်မှုသည် စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို များစွာပြောင်းလဲသွားစေနိုင်သည့်အတွက် မိမိတို့နိုင်ငံနှင့်ကိုက်ညီပြီး အခြေခံအကျဆုံးဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြစေလို**ကြောင်း၊ ပြည်ပသို့ လယ်ယာထွက်ကုန်များ တင်ပို့ခြင်းနှင့်ပတ်သက်၍စနစ်တကျဖြင့်စဉ်းစားသုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံအတွက် အကျိုးဖြစ်ထွန်းနိုင်သည့် အခြေအနေများကို စဉ်းစားသုံးသပ်ဆောင်ရွက်ကြစေလိုကြောင်း၊ ယနေ့တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အဓိကတာဝန်အရှိဆုံးပုဂ္ဂိုလ်များဖြစ်ကြပြီး ကဏ္ဍပေါင်းစုံမှ တင်ပြချက်များသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်ရန် စဉ်းစားဆောင်ရွက်နိုင်မည့် အဖြေများရရှိမည်ဟု မျှော်လင့်ပါကြောင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးအတွက် အလေးထားဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

### လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ကဏ္ဍအလိုက် လိုအပ်ချက်များအား တင်ပြဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းက လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ပထမအကြိမ်တွေ့ဆုံခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ဆွေးနွေးချက်များအပေါ် လိုက်နာဆောင်ရွက်ခဲ့မှု၊ စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့် ဝန်ကြီးဌာနများနှင့်လည်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်မှ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ဖြစ်သော်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကဏ္ဍမှ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိနေခြင်းအပေါ် ဆွေးနွေးအဖြေရှာလျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများသည် ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေသည့်အတွက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးကို ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်မှုနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဆိုင်ရာ မူဝါဒများအပါအဝင် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုသည့် နည်းပညာပိုင်းဆိုင်ရာနှင့် အရင်းအနှီးလိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ကိုယ်စား ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းကိုယ်စား ဦးထွန်းလွင်၊ ပြောင်းလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးအေးချမ်းအောင်နှင့် ဦးဖြိုးကိုကိုနိုင်တို့က လည်းကောင်း၊ မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကိုယ်စား ဦးသိန်းမြင့်က လည်းကောင်း၊ ရေလုပ်ငန်းကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကိုယ်စား ဦးဌေးမြင့်က လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းကိုယ်စား ဦးအေးထွန်း၊ CMP လုပ်ငန်းများကိုယ်စား ဒေါ်ခိုင်ခိုင်နွယ်၊ မြန်မာနိုင်ငံ ပလတ်စတစ်လုပ်ငန်းရှင်များအသင်းကိုယ်စား ဦးထွန်းဝင်း၊ မြန်မာနိုင်ငံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကိုယ်စား ဦးအောင်ရွှေ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးဆန်းလင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းကိုယ်စား ဦးခင်စိုးတို့က လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍနှင့်ပတ်သက်၍ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးရှိန်ဝင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကိုယ်စား ဦးရန်ဝင်းနှင့် မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းကိုယ်စား ဒေါ်သစ်သစ်ထက်တို့က လည်းကောင်း၊ အထောက်အကူပြုနှင့်အခြားကဏ္ဍများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းကိုယ်စား ဦးခင်စိုး၊ မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်းကိုယ်စား ဒေါ်ခင်စောဦး၊ မန္တလေးကုန်သည် စက်မှုအသင်းကိုယ်စား ဦးဝင်းဌေး၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးမြင့်ဟန်၊ မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းကိုယ်စား ဦးခင်မောင်တင့်တို့ကလည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများနှင့်

> ❖ **မိမိတို့ တာဝန်ယူရသည့်အချိန်တွင် ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) များကို အားပေးဆောင်ရွက်ခဲ့၊ ပြည်တွင်းလိုအပ်ချက်များကို ပြည့်မီအောင် ထုတ်လုပ်ပြီး ပိုလျှံလာပါက ပြည်ပသို့ တင်ပို့နိုင်သည်အထိပါ စီမံဆောင်ရွက်လျက်ရှိ**
>
> ❖ **အုပ်ချုပ်မှုပိုင်း ဆိုင်ရာတာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများ ထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန်အကျိုးရှိစေရေး ဆောင်ရွက်**

နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှုများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှသာလျှင် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာကုန်ကြမ်းများသည်လည်း ဈေးနှုန်းသက်သာစွာ ရရှိနိုင်မည်ဖြစ်သဖြင့် လုပ်ငန်းအချင်းချင်းချိတ်ဆက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများတွင် ပြည်တွင်းဖူလုံရေးကို ဦးစွာဆောင်ရွက်လျက်ရှိပြီး ပြည်ပသို့ ကုန်ချောတင်ပို့မှုများအစားကုန်ချောထုတ်လုပ်၍ တန်ဖိုးမြင့်ထုတ်ကုန်များ တင်ပို့နိုင်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုများ ပပျောက်ရေးအတွက် ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ရန် လိုအပ်မှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများ၊ နည်းပညာများနှင့် မူဝါဒပိုင်းဆိုင်ရာတို့တွင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်နှင့် စက်မှုကုန်ထုတ်ပစ္စည်းများ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးနှင့် ဈေးကောင်းရရှိရေး ဆောင်ရွက်ပေးစေလိုမှု၊ အခြားစီးပွားရေးလုပ်ငန်းများဖြစ်သည့် ဝန်ဆောင်မှုကဏ္ဍ၌ ခရီးသွားလုပ်ငန်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်းတို့နှင့် ပတ်သက်၍ လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးအောင်နိုင်ဦးတို့က နိုင်ငံတော်အနေဖြင့် အခက်အခဲများ၊ ကန့်သတ်ချက်များကြားမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေများကို ခေါင်းစဉ်အမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိသဖြင့် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ချေးယူထားသည့် ငွေကြေးများကို မှန်မှန်ကန်ကန်အသုံးချရန်နှင့် အချိန်မီပြန်လည်ပေးဆပ်သွားရန် လိုအပ်မှု၊ ထိုကဲ့သို့ ကဏ္ဍအလိုက် ချေးငွေများကို ပြန်လည်ပေးဆပ်မှသာလျှင် နိုင်ငံတော်၏ လည်ပတ်ရင်းနှီးငွေများသည် ပုံမှန်လည်ပတ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မှု၊ ပြည်ပသွင်းကုန်များနှင့်ပတ်သက်၍ နိုင်ငံတော်မှ ချမှတ်ပေးထားသည့် မူဝါဒများ၊ ခွင့်ပြုချက်များရယူပြီးမှ တင်သွင်းမည်ဆိုပါက ပိုမိုလွယ်ကူချောမွေ့မည်ဖြစ်သဖြင့် လိုက်နာဆောင်ရွက်သွားရန် လိုအပ်မှု၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ပို့ကုန်တိုးမြှင့်ရေးဆောင်ရွက်လျက်ရှိပြီး ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ဈေးနှုန်းများ တည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိမှု၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်လျက်ရှိသဖြင့် ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်မှု၊ ကုန်စည်စီးဆင်းမှုများနှင့် ငွေကြေးလည်ပတ်မှုများ မြန်ဆန်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ဆွေးနွေးပြောကြားကြသည်။

### နိုင်ငံတော်၏ ကောင်းရာကောင်းကျိုးကို အစိုးရမှ ဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာကဏ္ဍအလိုက်တာဝန်ရှိသူများကလည်း အတူတကွ ဝိုင်းဝန်းကြိုးပမ်းရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ပြောကြားရာတွင်မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)သည် အဓိကအားဖြင့် ရောင်းဝယ်မှုများဆောင်ရွက်သည့်အဖွဲ့ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာလျှင် ရောင်းဝယ်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ရောင်းချရာတွင် အရေအတွက်များများ ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် ထိုက်သင့်သည့်အမြတ်ဖြင့်သာ ရောင်းချရန်လိုအပ်သကဲ့သို့ နိုင်ငံ့အကျိုးအတွက်လည်း ကြည့်၍ချိန်ဆဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံသည်ကုန်ပစ္စည်းထုတ်လုပ်မှုမရှိဘဲ ပြည်ပမှတင်သွင်းသည့်ထုတ်ကုန်ပစ္စည်းများကိုသာ အားထားအသုံးပြုနေရသည့်နိုင်ငံဖြစ်သဖြင့် ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်တွင် ပြည်ပမှချေးငွေများရှိခဲ့ခြင်းမရှိကြောင်း၊ ဒီမိုကရေစီအစိုးရ သက်တမ်းကာလနှစ်ခုတွင် နိုင်ငံတကာမှ ထောက်ပံ့ငွေ၊ ကူညီငွေများနှင့် ချေးငွေများ ရရှိခဲ့ကြောင်း၊ အဆိုပါငွေများဖြင့် နိုင်ငံခြားငွေသုံးစွဲမှုများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားပေးဆောင်ရွက်ပြီး နိုင်ငံခြားငွေရရှိအောင် ဆောင်ရွက်ခြင်းထက် Non-Trade လုပ်ငန်းများမှရရှိသည့် နိုင်ငံခြားငွေများကို သုံးစွဲ၍ ပြည်ပမှ သွင်းကုန်များတင်သွင်းသုံးစွဲခြင်းက ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် မိမိတို့ တာဝန်ယူရသည့်အချိန်တွင် ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်နိုင်ရေး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကိုအားပေးဆောင်ရွက်ခဲ့ကြောင်း၊ ပြည်တွင်းလိုအပ်ချက်များကို ပြည့်မီအောင် ထုတ်လုပ်ပြီး ပိုလျှံလာပါက ပြည်ပသို့တင်ပို့နိုင်သည် အထိပါ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ UMFCCI အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ဝိုင်းဝန်းဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ကြစေလိုကြောင်း၊ **UMFCCI သည် ရောင်းဝယ်ရေးလုပ်ငန်းများကို အဓိကဆောင်ရွက်ကြသူများဖြစ်ကြပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်အဖွဲ့များဖြစ်သောကြောင့် မိမိအနေဖြင့် အချိန်ယူတွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်**ကြောင်း၊ ယခု တွေ့ဆုံဆွေးနွေးမှုများကို ပြန်လည်သုံးသပ်၍ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရပိုင်းအနေဖြင့်လည်း ဆောင်ရွက်၍ရသည်များကို တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းအောင် ဆောင်ရွက်နေခြင်းပင်ဖြစ်ပြီး နိုင်ငံတော်အစိုးရဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **အုပ်ချုပ်မှုပိုင်းဆိုင်ရာတာဝန်ရှိသူများက စီမံခန့်ခွဲခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်သူများက ကုန်ကြမ်းများ ထုတ်လုပ်ခြင်း၊ ကုန်ထုတ်လုပ်သူများက ထုတ်ကုန်များ ဆောင်ရွက်ကြခြင်းဖြစ်ပြီး ထုတ်ကုန်များ ထုတ်လုပ်နိုင်မှသာ ရောင်းဝယ်ခြင်းဝန်ဆောင်မှုများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အပြန်အလှန် မှီခိုနေရခြင်းကြောင့် အပြန်အလှန် အကျိုးရှိစေရေး ဆောင်ရွက်ပေးနိုင်ရေး တိုက်တွန်းပြောကြားလို**ကြောင်း။

ယခုတွေ့ဆုံပွဲတွင် ဆွေးနွေးတင်ပြခဲ့သည့် အချက်များကို အလေးထားမှတ်သားထားရှိပြီး ပြန်လည်သုံးသပ်၍ နှစ်ဦးနှစ်ဖက် အဆင်ပြေနိုင်သည့် လုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်သည့် အခြေအနေသို့ ရောက်ရှိနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ UMFCCI မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးနိုင်ခဲ့ပြီး အချိန်ပေး၍ ဆွေးနွေးခဲ့မှုများ၊ အမြင်ချင်းဖလှယ်ခဲ့မှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့ပြီး တွေ့ဆုံပွဲကိုညနေ ၃ နာရီခွဲခန့်တွင် ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)မှ ဗဟိုအလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန ဆေးခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင်အလှူငွေ၊ ဆေးခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂

ပြည်ထဲရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေးအထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန ဆေးခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင်အလှူငွေ၊ ဆေးခန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ မိမိအစီအစဉ်ဖြင့် ဆေးခန်းငယ်များ ဖွင့်လှစ်ထားရှိပြီး သာမန်ရောဂါများကိုသာ ကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အများစုသည် ပြင်ပဆေးရုံ/ ဆေးခန်းများတွင်သာ သွားရောက်ပြသ ကုသမှုခံယူရသဖြင့် တပ်ဖွဲ့ဝင်/ဝန်ထမ်း မိသားစုများအနေဖြင့် ငွေကုန်ကြေးကျများကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများနှင့် မိသားစုဝင်များကို ငွေကြေးကုန်ကျမှု သက်သက်သာသာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာ ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ဆေးခန်းဖွင့်လှစ်နိုင်သည့်အတွက် ရောဂါဖြစ်သူများကို စောစီးစွာစောင့်ရှောက်ကုသမှုပေးနိုင်မည်ဖြစ်ပြီး လိုအပ်ပါက သက်ဆိုင်ရာဆေးရုံများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်လွှဲပြောင်းကုသဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် တပ်ဖွဲ့ဝင်များ/ ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအတွက် များစွာအဆင်ပြေချောမွေ့စေမည်ဖြစ်ကြောင်း။

အထွေထွေရောဂါများကို ထိရောက်စွာကုသပေးနိုင်ရန်အတွက် ဆရာဝန် ခြောက်ဦး၊ သူနာပြု လေးဦးတို့က တာဝန်ယူကုသ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆေးခန်းအတွက် ပရိဘောဂပစ္စည်းများ ဆေးခန်းသုံးကိရိယာများနှင့် လိုအပ်သော ဆေးဝါးများကိုလည်း ပြည့်စုံစွာဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုအတွက် ဆရာဝန်နှင့် သားဖွားဆရာမများ စီစဉ်ထားရှိပေးထားပြီဖြစ်၍ ကိုယ်ဝန်ဆောင်မိခင်လောင်းများအတွက် အဆင်ပြေချောမွေ့စွာ သက်သက်သာသာဖြင့် စောင့်ရှောက်ကုသဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆေးခန်းအတွက် လိုအပ်မည့်ဆေးဝါးများနှင့် ပတ်သက်၍လည်း စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံကြီးများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးထားကြောင်း။




မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် ခုတင်(၅၀)ဆံ့ ရဲဆေးရုံဖွဲ့စည်းပုံကို ၂၀၁၈ ခုနှစ်တွင် ခွင့်ပြုထားပြီးဖြစ်သော်လည်း ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်း မရှိသေးသဖြင့် ယခုဖွင့်လှစ်ပေးသော ဆေးခန်းသည် ရဲဆေးရုံ ဖွင့်လှစ်နိုင်ရေးအတွက် ပထမခြေလှမ်း စတင်လိုက်ခြင်းဖြစ်ကြောင်း၊ ရဲဆေးရုံဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူအသီးသီးက ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထဲရေးဝန်ကြီးဌာန ဆေးခန်းအတွက်ဆေးပဒေသာပင်အလှူငွေနှင့် ဆေးခန်းသုံးပစ္စည်းများကို အလှူရှင်များက လှူဒါန်းကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဆေးခန်းဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲရေးချုပ်ရုံးမှူးချုပ် ဝင်းထွန်းက ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တာဝန်ရှိသူများသည် ဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကချင်ပြည်နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် အီလက်ထရောနစ် မှတ်ပုံတင်စနစ် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်ရှိ ပြည်ပထွက်ခွာကောင်တာ၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ထမ်းများက ခရီးသည်များအား လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လူဝင်မှု စစ်ဆေးရေးကောင်တာများ၌ စက်များတပ်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ လေဆိပ်တာဝန်ခံ ဦးခင်မောင်ကြည်က လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လိုက်လံရှင်းလင်းပြသသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ပဆိုက်ရောက်ကောင်တာများ၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ Server ခန်းနှင့် ဆိုက်ရောက်ဗီဇာ (Visa on Arrival– VOA) ခန်း အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရီးသည်များအား လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဝန်ဆောင်မှုပေးနိုင်ရေး၊ လုံခြုံရေးသတိ အမြဲရှိစေရေး အလေးထား ဆောင်ရွက်ကြရန်နှင့် လေဆိပ်ရှိ





ဆက်စပ်ဌာနများနှင့် အမြဲမပြတ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၏ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဝင် ကချင်ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ခရိုင်နှင့် မြို့နယ်ကြီးကြပ်မှုကော်မတီဝင်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကချင်ပြည်နယ်အနေဖြင့် မြေပြင်ကွင်းဆင်း ကောက်ယူရာတွင် ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်အထိ e-ID Software ဖြင့်ထုတ်ယူထားသည့် အိမ်ထောင်စုစာရင်းဖြင့် ကောက်ယူမှု ၂၆၀၀၀၀ ကျော်၊ အိမ်ထောင်စုစာရင်းမရှိသဖြင့် အလွတ်ပုံစံများဖြင့်ကောက်ယူမှု ၇၀၀၀၀ ကျော် စုစုပေါင်းအိမ်ထောင်စု ၃၃၀၀၀၀ ကျော် ကောက်ယူပြီးစီးခဲ့ရာ လျာထားချက်၏ ၇၉ ဒသမ ၂၁ ရာခိုင်နှုန်း ကောက်ယူပြီးစီးခဲ့ကြောင်း၊ လုံခြုံရေးအခြေအနေအရ ကောက်ယူဆောင်ရွက်ရန် အိမ်ထောင်စု ၆၈၀၀၀ ကျော် ကျန်ရှိနေသည့်အတွက် ယင်းဒေသများကိုလည်း သတ်မှတ်ကာလအတွင်း ကောက်ယူပြီးစီးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် ရရှိသည့်အချက်အလက်များကို e-ID Server သို့ ထည့်သွင်းကာ အချက်အလက် ကွဲလွဲမှုများ ပြင်ဆင်ဖြည့်စွက်အတည်ပြုသည့် လုပ်ငန်းကိုလည်း တစ်ပြိုင်တည်း ပြီးစီးနိုင်ရေး ဆောင်ရွက်ရန် လိုကြောင်း၊ ကောက်ယူရရှိသည့် စာရင်းများအရ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား မရရှိသေးသူများ ပါရှိနေသည့်အတွက် ယင်းတို့ကိုငါးဦးကော်မတီဖြင့်စိစစ်၍ ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ကချင်ပြည်နယ်အတွင်း ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကိုသတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီ ပြီးစီးရေးအတွက်လည်း အလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

ယင်းလုပ်ငန်းစဉ်များ အားလုံး သတ်မှတ်ကာလအတွင်း ပြီးစီးမှသာ တိကျမှန်ကန်သော လူဦးရေစာရင်းကိုအခြေခံ၍ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုနိုင်မည်ဖြစ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို ပြည်လုံးကျွတ်အဆင့် ကောက်ယူနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စမ်းသပ် သန်းခေါင်စာရင်းကို ယခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကောက်ယူရန်ရှိကြောင်းနှင့် e-ID စနစ် လုပ်ငန်းအကောင်အထည်ဖော်ရေးအတွက် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝအချက်အလက်(Biometric) ကောက်ယူရေးလုပ်ငန်းကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ်အားလုံး အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်များနှင့် ဌာနဆိုင်ရာအားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကော်မတီအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်အတွင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူခဲ့မှုနှင့် e-ID Server အတွင်း အချက်အလက်များ ဖြည့်သွင်းဆောင်ရွက်မှု၊ ပန်းခင်းစီမံချက် အဆင့်(၂) လျာထားချက် ပြည့်မီရေး ဆောင်ရွက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးမှုနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီဝင်များက လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့် လုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

၂၀၂၂-၂၀၂၃ ပညာသစ်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား သမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်နေကြသည့် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။



**ကြိုးစားသင်ယူ**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ၂၀၂၂-၂၀၂၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် သုံးဦးအပါအဝင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၆၂ ဦးတို့ကို "ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း" ဆိုသည့် မင်္ဂလာတရားတော်နှင့်အညီ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ အနေဖြင့် "ယနေ့လူငယ် နောင်ဝယ် လူကြီး" ဆိုရိုးစကားအတိုင်း နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့်သူများ ဖြစ်ရာ ပညာထူးချွန်သော လူတော် လူကောင်းများ ဖြစ်လာစေရေး၊ ဘက်စုံထူးချွန်သူများ ဖြစ်လာစေရေး အစဉ်ကြိုးပမ်းသွားကြရန်၊ ကျောင်းသား ကျောင်းသူများအနေဖြင့် အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို ကြိုးစားသင်ယူပြီး မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာကြစေရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများက ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရရှိသူ ကျောင်းသား ကျောင်းသူ ၁၆၂ ဦးကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေကြသည့် ဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သား သမီး ကျောင်းသား ကျောင်းသူ ၁၅၈၇၁ ဦးကို ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ဝန်ကြီးဌာနမှ အားကစားသမားများအား ထပ်ဆင့်ဂုဏ်ပြုချီးမြှင့်သည့်အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း ၁၀ ဦးက အားကစားနည်း ခုနစ်မျိုးတွင် နိုင်ငံ့လက်ရွေးစင် အားကစားသမားများအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခုနှင့် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့သည့်အတွက် ဝန်ကြီးဌာနအနေဖြင့် ဂုဏ်ယူမှတ်တမ်းတင်ကြောင်း၊ ဆုတံဆိပ်များ ရရှိခဲ့သည့် နိုင်ငံ့ကိုယ်စားပြု အားကစားသမားများကို နိုင်ငံတော်အကြီးအကဲကလည်း ခမ်းနားကြီးကျယ်သည့် ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ၍ ဆုတံဆိပ်အလိုက် ထိုက်တန်သည့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများတွင် အနိုင်ရရှိခဲ့ပြီး နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးနိုင်ခဲ့ကြသဖြင့် ဂုဏ်ယူဝမ်းမြောက် မှတ်တမ်းတင်ကြောင်း၊ အားကစားသမားများအနေဖြင့် အနာဂတ်တွင်လည်း ပိုမိုအရည်အသွေး ပြည့်ဝလာစေရန်၊ ရရှိခဲ့သည့် အတွေ့အကြုံကောင်းများကို အခြေခံ၍ စံချိန်ကောင်းများ ပိုမိုကောင်းမွန်အောင် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းကြောင်း ပြောကြားပြီး ဆုရအားကစားသမားများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်ပေးအပ်သည်။

**သတင်းစဉ်**

# China-ASEAN Forum on Emerging Industry သို့ တက်ရောက်ရန်အတွက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် ဇူလိုင် ၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှု၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနက ကြီးမှူး၍ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့တွင် ဇူလိုင် ၄ ရက်မှ ၅ ရက်အထိ ကျင်းပမည့် China-ASEAN Forum on Emerging Industry သို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီးရုံးနှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါဖိုရမ်၌ "ထွန်းသစ်စစက်မှုလုပ်ငန်းများ၌ လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အရေးပါသည့် ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုနှင့် မျှဝေမှု" (Openness, Inclusiveness, Coordination and Sharing for Practical Cooperation in Emerging Industries) ခေါင်းစဉ်ဖြင့် စွမ်းအင်သစ်အသုံးပြု မော်တော်ယာဉ်များ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် စွမ်းအင်အီလက်ထရောနစ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ပြီး ယင်းဖိုရမ်သို့တက်ရောက်ခြင်းဖြင့် တရုတ်-အာဆီယံ စက်မှုလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်နိုင်ခြင်း၊ စိတ်ကူးသဘောထားအမြင်ချင်း ဖလှယ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

ဖိုရမ်သို့ ကွမ်တုံးပြည်သူ့အစိုးရ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန အပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကော်မရှင်များမှတာဝန်ရှိသူများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အခြေစိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စက်မှု၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ တာဝန်ရှိသူများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင် ကိုယ်စားလှယ်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စက်မှုကျွမ်းကျင်သူများနှင့် သုတေသနပညာရှင်များ တက်ရောက်ကြမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် စက်မှုဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှ အထွေထွေမန်နေဂျာတစ်ဦးတို့ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဓနုဖြူမြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

**ဓနုဖြူ ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်၌ ဇွန် ၂၉ ရက် မွန်းလွဲပိုင်းက ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကို နန်းတော်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၉၃ ဦးပိုင်အမှတ် ၁၀၂/၂ တောင်သူဦးသက်နိုင်၏ လယ်မြေ နှစ်ဧကတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ စက်မှုလယ်ယာဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှထွန်း၊ မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးတို့က မော်ဘီ(၃)စပါးမျိုး မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ တောင်သူကြီးများအနေဖြင့် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးကြရန်၊ သဘာဝမြေဩဇာများ အသုံးပြု၍ ဓာတ်မြေဩဇာ သုံးစွဲမှုများ လျှော့ချကြရန်၊ အထွက်တိုး မျိုးကောင်း မျိုးသန့်များ သုံးစွဲကြရန် မှာကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုဆောင်းပါး

# မြန်မာအမျိုးသမီးလူ့စွမ်းအားအရင်းအမြစ်များ

ရေနံ့သာမောင်ကျော်ညွန့်

မြန်မာအမျိုးသမီးများသည် "ဟီရိဩတ္တပ္ပ" တရားနှင့် ကြီးပြင်းလာခဲ့သူများ ဖြစ်ပါသည်။ "ဟီရိဩတ္တပ္ပ" တရားသည် "ဟီရိ" နှင့် "ဩတ္တပ္ပ" ကို တွဲဖက်ထားခြင်း ဖြစ်သည်။ ဟီရိသည် "မကောင်းမှုကျူးလွန်ရန်ရှက်ခြင်း" ဖြစ်ပြီး ဩတ္တပ္ပသည် "မကောင်းမှုကျူးလွန်ရန် ကြောက်ခြင်း"ဖြစ်ပါသည်။ ထို"ဟီရိဩတ္တပ္ပ" တရားကို "လောကပါလတရား" ဟု ဆိုပါသည်။ "လောကပါလတရား" သည် လောကကို စောင့်ရှောက်နေသော တရားပင်ဖြစ်ပါသည်။ လောကကို စောင့်ရှောက်နေသော လောကပါလတရားဖြစ်သည့် "ဟီရိဩတ္တပ္ပ" တရားနှင့် ကြီးပြင်းလာခဲ့ရသော မြန်မာအမျိုးသမီးများသည် လောကကိုစောင့်ရှောက်နေကြသူများပင်ဖြစ်ပါသည်။

မြန်မာ အမျိုးသမီးများသည် မကောင်းမှုဟူသမျှကို မကျူးလွန်မိစေရန် အရှက်အကြောက်တရားနှင့် ထိန်းကျောင်းနိုင်ခဲ့ကြသူများဖြစ်သလို ကောင်းမှုဟူသမျှကို ပြုဆောင်ရန် ဝန်မလေး၊ လက်မနှေးကြသူများလည်း ဖြစ်သည်။ ပထမမြန်မာနိုင်ငံတော်ကြီးဟူ၍ အထင်အရှားရှိခဲ့သောပုဂံခေတ်မှသည် ယနေ့မျက်မှောက်ကာလအထိ မြန်မာအမျိုးသမီးတို့၏ ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား၊ တည်တည်ကြည်ကြည်၊ ဖြောင့်ဖြောင့်မတ်မတ်၊ ရွှပ်ရွှပ်ချွံချွံ၊ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်များကို မြန်မာရာဇဝင်နှင့်မြန်မာ့သမိုင်းတို့တွင် အထင်အရှားရှိခဲ့သည်။

**ကနဦးမိသားစုထမင်းဝိုင်း**

မြန်မာ့လူနေမှုစနစ်တွင် မြန်မာအမျိုးသားတို့သည် အရေးပါသကဲ့သို့ မြန်မာအမျိုးသမီးတို့သည်လည်း အရာရောက်သူများဖြစ်ကြပေသည်။ မြန်မာအိမ်ထောင်စုတစ်စုကို စတင်တည်ဆောက်ရာ၌ ယောကျ်ားဖြစ်သူ အမျိုးသားက ဆန်ဖွပ်မောင်းထောင်းပေးရင် ဇနီးမယားဖြစ်သူ အမျိုးသမီးက မောင်းဦးမှာနေပြီး ဆန်ပြာပေးရသည်။ သို့နှင့် ထမင်းချက်ရန်ဆန်ဖြစ်လာသည်။ ယောကျ်ားဖြစ်သူအမျိုးသား သယ်ယူပေးထားသော သောက်သုံးရေဖြင့် မိန်းမဖြစ်သူ အမျိုးသမီးက ထမင်းချက်သည်၊ ဟင်းချက်သည်။ သို့နှင့် ကနဦးမိသားစုထမင်းဝိုင်း ဖြစ်လာသည်။ ထို့ကြောင့် မြန်မာ့လူနေမှုစနစ်သည် ကနဦးမိသားစုထမင်းဝိုင်းကို အခြေပြုပြီးဖြစ်တည်လာသည်ဟု ဆိုရပေမည်။



ဇူလိုင် ၁ ရက်က မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရိုးရိုးယဉ်ယဉ် မြန်မာ့အသွင်၊ ရောင်စုံခြယ်သ မြန်မာအမျိုးသမီးများအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပစဉ်။

**ဒိုးတူပေါင်ဖက်**

မြန်မာမိသားစုတစ်စုကို ကနဦးတည်ဆောက်ရာတွင် ယောကျ်ားဖြစ်သူ မြန်မာအမျိုးသားက စွမ်းရာဝန်ကို အင်တိုက်အားတိုက် သယ်ပိုးပေးနေသကဲ့သို့ ဇနီးမယားဖြစ်သူ မြန်မာအမျိုးသမီးကလည်း နိုင်ရာဝန်ကို ထမ်းဆောင်ပေးနေသည်မှာ အထင်အရှားဖြစ်ပါသည်။ အိမ်ထောင်စုတာဝန်ကို မခိုမကပ်ဘဲ ယောကျ်ားရော ဇနီးမယားဖြစ်သူပါ ဒိုးတူပေါင်ဖက် ထမ်းဆောင်လာခဲ့သဖြင့် ကြီးပွားတိုးတက်လာပြီး ပျော်ရွှင်စရာမိသားစုဖြစ်လာပါသည်။ ထိုသို့ ပျော်ရွှင်စရာမိသားစုဖြစ်လာရခြင်း၏ အကြောင်းရင်းမှာ ယောကျ်ားဖြစ်သူ မြန်မာအမျိုးသားက ဇနီးမယားဖြစ်သူ မြန်မာအမျိုးသမီးကို တန်ဖိုးထားလေးစားနေသလို ဇနီးမယားဖြစ်သူ မြန်မာအမျိုးသမီးကလည်း လင်ယောကျ်ားဖြစ်သူ မြန်မာအမျိုးသားကို တန်ဖိုးထားလေးစားနေသောကြောင့်ဖြစ်ပါသည်။

မြန်မာ့လူနေမှုစနစ်ကိုအခြေပြုပြီး "မောင်တစ်ထမ်း မယ်တစ်ရွက်" ဟူသော မြန်မာဆိုရိုးစကားရှိပါသည်။ ထိုဆိုရိုးစကား၏အဓိပ္ပာယ်မှာ "အိမ်ထောင်ရှင်များဖြစ်လာပါက လင်ရောမယားပါ တက်ညီလက်ညီ မခိုမကတ်စတမ်းလုပ်ကြရသည်"ဟူ၍ဖြစ်ပါသည်။ တက်ညီလက်ညီ ပေါင်းစည်းဆောင်ရွက်ကြရခြင်းသည် တန်းတူအခွင့်အရေးရရှိခြင်းဖြစ်ပြီး ဖြစ်ပေါ်လာသော အကျိုးစီးပွားကိုလည်း အတူတကွခံစားကြရခြင်းပင် ဖြစ်ပေသည်။ ထို့ပြင် "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဟူသော မြန်မာစကားပုံကလည်းအထင်အရှားရှိနေပါသည်။ ထိုစကားပုံ၏ အဓိပ္ပာယ်မှာ "စီးဝင်လာသောရေကို လယ်ကွင်းထဲ၌တည်နေအောင် ကန်သင်းဆည်၍ပိတ်ထားရသကဲ့သို့ အိမ်ထောင်တစ်ခုတွင် လင်ယောကျ်ားရှာဖွေ၍ရသော စီးပွားဥစ္စာကို မလေမလွင့်ရအောင် အိမ်ရှင်မဖြစ်သူကထိန်းသိမ်းရသည် "ဟူ၍ ဖြစ်ပါသည်။ ယောကျ်ားဖြစ်သူ အမျိုးသား၏စွမ်းဆောင်နိုင်ရည်ကို မြင်တွေ့နေရပြီး အိမ်ရှင်မဖြစ်သူအမျိုးသမီး၏ စွမ်းဆောင်နိုင်ရည်ကိုလည်း မြင်တွေ့နေရပါသည်။

**ကိုယ်ပိုင်စွမ်းရည်အပြည့်ရှိ**

"မောင်တစ်ထမ်း မယ်တစ်ရွက်" ဟူသောမြန်မာဆိုရိုးစကားနှင့် "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" ဟူသော မြန်မာစကားပုံတို့သည် မြန်မာမှုအိမ်ထောင်တစ်စုတွင် ယောကျ်ားဖြစ်သူအမျိုးသားရော ဇနီးဖြစ်သူ အမျိုးသမီးပါ နှစ်ဦးစလုံး၊ သူ့နေရာနှင့်သူ အရေးပါအရာရောက်နေကြောင်းနှင့် နှစ်ဦးစလုံးတွင် ကိုယ်ပိုင်စွမ်းရည်အပြည့်ရှိနေကြောင်းကို ဖော်ညွှန်းနေခြင်းဖြစ်ပါသည်။

ကျွန်ုပ်တို့မွေးဖွားရာ၊ နေထိုင်ရာ၊ ပျော်မွေ့ရာ၊ မှီခိုအားထားရာ၊ အချုပ်အခြာအာဏာတည်ရာ နိုင်ငံတော်ကြီးသည် မြန်မာမိသားစု တစ်စုချင်းစီကို စုပေါင်းထားသည့် မြန်မာ့လူနေမှုစနစ်နှင့်အညီ ဖြစ်တည်နေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးတွင် ပြည်ထောင်စုဖွားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားအိမ်ထောင်စုများ နေထိုင်ကြပါသည်။ အိမ်ထောင်စုတစ်စု၏ အရေးကိစ္စဟူသမျှကို အိမ်ထောင်စုသားများက ယောကျ်ားမိန်းမဟူ၍ မခွဲခြားဘဲ တစုတစည်းတည်းဖြင့် တက်ညီ လက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေကြသကဲ့သို့ ပြည်ထောင်စုအရေးကိစ္စဟူသမျှကိုလည်း ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးက ယောကျ်ားမိန်းမဟူ၍မခွဲခြားဘဲ တစုတစည်းတည်းဖြင့် တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

**ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြ**

အင်္ဂလိပ်နယ်ချဲ့ လက်အောက်မှ လွတ်မြောက်အောင် ရုန်းထွက်ခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် လည်းကောင်း၊ လွတ်လပ်ရေးရပြီးစ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း၊ အမိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများ၊ ပြည်ထောင်စုတစ်ဝန်း စည်သာဝပြောရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင်လည်းကောင်း ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးသည် "တစ်နွယ်ငင်တစ်စင်ပါ" ဆိုသကဲ့သို့ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပေသည်။

ယနေ့ကာလ၌ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာအမျိုးသမီးထု စွမ်းအားစုကြီးကို မြင်တွေ့နေရသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေး လုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာအမျိုးသမီးထု စွမ်းအားစုကြီးကိုလည်း မြင်တွေ့နေရပြီဖြစ်ပါသည်။ အမိနိုင်ငံတော်အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးတွင် ကာယအား၊ ဉာဏအားဖြင့် စွမ်းစွမ်းတမံ သယ်ပိုး ဆောင်ရွက်နေကြသော ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍသည်ကား ကြီးမားလှပေသည်။ ထို့ကြောင့် ဇူလိုင်လ ၃ ရက်နေ့ကို "မြန်မာအမျိုးသမီးများနေ့"ဟု သတ်မှတ်ကာ ပြည်ထောင်စုဖွားတိုင်းရင်းသားမြန်မာအမျိုးသမီးများအား ဂုဏ်ပြုပေးနေခြင်း ဖြစ်ပါသည်။

**ဘေဂျင်းကြေညာစာတမ်း**

၁၉၉၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံက ချမှတ်လိုက်သော ဘေဂျင်းကြေညာစာတမ်းသည် မြန်မာအမျိုးသမီးများနေ့ကို ဖြစ်ပေါ်လာစေရန် စေ့ဆော်ပေးလိုက်သည့်တွန်းအားတစ်ခုဖြစ်သည်ဟု ဆိုရပါမည်။ ဘေဂျင်းကြေညာစာတမ်းအရ နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမျိုးသမီးများအားလုံး အမျိုးသားများနှင့် တန်းတူ ကဏ္ဍစုံလုပ်ငန်းနယ်ပယ်အသီးသီးတွင် တန်းတူညီမျှပါဝင်ခွင့်ရရှိစေရန်နှင့် အမျိုးသမီးများ၏စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျားမတန်းတူညီမျှရေး၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံနှင့် အကြမ်းဖက်မှုများအား တားဆီးကာကွယ်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအဆင့် ဦးစီးဦးဆောင် လှုပ်ရှားမှုဖော်ဆောင်နိုင်မည့်အဖွဲ့အစည်းအဖြစ် "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ" ကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင်ဖွဲ့စည်းခဲ့ပါသည်။ "မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ" ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို နိုင်ငံတော်က "မြန်မာအမျိုးသမီးများနေ့" အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် "မြန်မာအမျိုးသမီးများနေ့" သတ်မှတ်ဂုဏ်ပြုပေးသည့်နည်းတူ "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း၊ အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်

စာမျက်နှာ ၈ သို့ ○

"ယနေ့ကာလ၌ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရာတွင် ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားစုကြီးကို မြင်တွေ့နေရသကဲ့သို့ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံဆောင်ရွက်ပေးနေကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားစုကြီးကိုလည်း မြင်တွေ့နေရပြီဖြစ်ပါသည်။ အမိနိုင်ငံတော် အတွက် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးတွင် ကာယအား၊ ဉာဏအားဖြင့် စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နေကြသော ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ သည်ကား ကြီးမားလှ"



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ ပညာရေးဝန်ကြီးဌာန(က)အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

○ ၂၀၂၃ ခုနှစ်မှ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

ယနေ့ကျင်းပသည့် အကြိုဗိုလ်လုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

ဇူလိုင် ၄ ရက် နံနက်ပိုင်းတွင် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ တတိယနေရာလုပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ညနေပိုင်းတွင် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံတက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပညာရေးဝန်ကြီးဌာန(က) အသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မအူပင်မြို့၌ စက်မှုစွမ်းအား ငွေစုငွေချေးသမဝါယမ အသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မအူပင် ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် စက်မှုစွမ်းအား ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး၊ ဒါရိုက်တာအဖွဲ့သစ်ရွေးချယ်ပွဲနှင့် စုဆောင်းငွေအပေါ် အတိုးပေးအပ်ပွဲအခမ်းအနားကို အမှတ်(၅) အလတ်စားစက်ပြင်ရုံအစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ မအူပင်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်ဦးစီးမှူး ဦးငြိမ်းချမ်းမြင့်၊ စက်ရုံမှူး ဦးစိုးနိုင်လင်း၊ ငွေစုငွေချေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ခိုင်၊ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဦးသန့်စင်တို့ တက်ရောက်ကြပြီး စက်မှုလယ်ယာဦးစီးဌာန၏ အသင်းသား ၃၁ ဦးတို့ကို စုဆောင်းငွေအပေါ်ရရှိသည့် အတိုးငွေစုစုပေါင်း ငွေကျပ် ၇၅၇၁၄၀ အား ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ကွတ်ခိုင်မြို့၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ကွတ်ခိုင် ဇူလိုင် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက အမှတ်(၃/၄)ရပ်ကွက် ရေထွက်ဦးပန်းခြံဈေးအနီးရှိ နမ့်ခိုင်ချောင်းတစ်လျှောက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ကွတ်ခိုင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်နှင့် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် လဝကဝန်ထမ်းများ၊ စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အရာရှိများနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များဖြင့် အဖွဲ့များခွဲကာ နမ့်ခိုင်ချောင်းအတွင်းနှင့် ချောင်းပတ်ဝန်းကျင်ရှိ အမှိုက်များအား ရှင်းလင်းခြင်း၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်း၍ အမှိုက်များကို စည်ပင်သာယာရေးဌာနအမှိုက်ကားဖြင့် စနစ်တကျစွန့်ပစ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြောင်းမြမြို့ကျွန်းတောတံတားအား တက်ရောက်ဖွင့်လှစ်ပေး

ပုသိမ် ဇူလိုင် ၂

ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော မြောင်းမြမြို့ အမှတ်(၆)ရပ်ကွက် ဦးဘချိုလမ်းရှိ ကျွန်းတောတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတံတား၌ ပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တက်ရောက် ဖွင့်လှစ်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တာဝန်ရှိများနှင့်အတူ ကျွန်းတောတံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။



အဆိုပါ တံတားသည် မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ဘဏ္ဍာရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် မူလသစ်သားတံတားအား အရှည် ၈၁ ပေ၊ အကျယ် ၂၄ပေ၊ ကြမ်းခင်းထု ရှစ်လက်မ ကွန်ကရစ်တံတားအဖြစ် အကြီးစား ပြင်ဆင်မွမ်းမံလုပ်ငန်းများဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အိမ်မဲမြို့နယ် သဖန်းပင်ဆိပ်ကျေးရွာရှိတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါး တစ်ဧက ၁၀ တင်း ပိုမိုအထွက်တိုးစေရေး၊ အထွက်တိုးမျိုးစပါးများ စိုက်ပျိုးစေရေး၊ ခေတ်မီစိုက်နည်းစနစ်များ အသုံးပြုစိုက်ပျိုးစေရေး၊ သဘာဝမြေဩဇာ၊ ဇီဝမြေဩဇာများ ပိုမိုသုံးစွဲစေရေး မှာကြားခဲ့ပြီး ဆင်းသုခမျိုးစပါးများ စနစ်တကျ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## တပ်ကုန်းမြို့နယ် ရွာတော်ကုန်းကျေးရွာ၌ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေး

တပ်ကုန်း ဇူလိုင် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Myanmar Citizens Bank နှင့်ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ တတိယအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ရောက်ကုန်းကျေးရွာအုပ်စု ရွာတော်ကုန်းကျေးရွာ ဘုန်းကြီးကျောင်း၌ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းက ရွာတော်ကုန်းကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင် အသင်းသူ အသင်းသားများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို Mobile Financial Paymentစနစ်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ရွှေက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး Myanmar Citizens Bankမှ တာဝန်ရှိသူများက Mobile Financial Payment အကောင့်ဖွင့်ပေးခြင်းနှင့် ငွေပေးချေနိုင်မည့် နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက Mobile Financial Payment စနစ်ဖြင့် ရွာတော်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၇ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၃ ဦးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၅ ဦး စုစုပေါင်း အသင်းသား အသင်းသူ ၈၅ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၃၆ ဒသမ ၆၅ သန်းအား အသင်းသား အသင်းသူများ၏ တစ်ဦးချင်းလက်ဝယ် အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

○ စာမျက်နှာ ၇ မှ

စိတ်ခံစားမှု...

စိတ်ခတ်မြင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်ပေးခြင်းနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း" တို့ကိုလည်း စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာအမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် ဂုဏ်ရည်အပေါင်းတို့သည် ခေတ်အဆက်ဆက် ထွန်းလင်းတောက်ပခဲ့သည်။ ခေတ်အဆက်ဆက်က ထွန်းလင်းတောက်ပခဲ့သည့် မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်အပေါင်းတို့ကို အလေးအမြတ်ပြုကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် မြန်မာအမျိုးသမီး တစ်ရပ်လုံးအနေဖြင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါစို့ဟူ၍ တိုက်တွန်းနှိုးဆော်ရင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုအပ်ပါသတည်း။ ။

# ဒေသနှင့်ကိုက်ညီပြီး မုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရည်ရှိသော မြို့ပြတည်ဆောက်မှုကို ထိခိုက်မှုမရှိစေမည့် သစ်ပင်များကို ရှင်သန်ကြီးထွားအောင် စိုက်ပျိုးကြရမည်



စစ်တွေ ဇူလိုင် ၂

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ဒုတိယဝန်ကြီး ဦးထွန်းအုံ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံး၌ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် မြန်မာ့သစ်လုပ်ငန်း အထွေထွေမန်နေဂျာက ရခိုင်ပြည်နယ်သို့ သစ်များ ရောက်ရှိမှု၊ ခွဲစိတ်နေမှုနှင့် ဖြန့်ခွဲပေးနေမှု၊ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် သစ်ခွဲသားများ ဖြန့်ဖြူးပေးလျက်ရှိသည့်အခြေအနေနှင့် စစ်တွေမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ ပြည်နယ်သစ်တောဦးစီးဌာနမှူးက ရခိုင်ပြည်နယ်အတွင်းသစ်တောနှင့် ဒီရေတောများတည်ရှိမှု၊ ဖုံးလွှမ်းမှုနှင့် ပျက်စီးဆုံးရှုံးမှု၊ သစ်တောနယ်မြေနှင့် သဘာဝနယ်မြေများ ဖွဲ့စည်းထားရှိမှု၊ ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းမှု၊ အရိပ်ရလေကာပင်များနှင့် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီးစီးမှုနှင့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ပြည်နယ်ဦးစီးဌာနမှူးရုံး အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှုများကိုလည်းကောင်း၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က မုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးခဲ့သည့် သစ်ပင်များနေရာတွင် အစားထိုးစိုက်ပျိုးနိုင်ရေး လေ့လာဆန်းစစ်မှု၊ စိုက်ပျိုးမည့်သစ်ပင်များ ရွေးချယ်ခြင်းနှင့် စစ်တွေမြို့၌ သစ်ပင်များနှင့် ဒီရေတောများ ပြန်လည်စိုက်ပျိုးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဦးထွန်းအုံက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိုးရာသီကာလ ပြန်လည်စိုက်ပျိုးမည့် သစ်ပင် ၂၀၄၂၀၀ ကို အထူးတာဝန်တစ်ရပ်အနေဖြင့် ရှင်သန်အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်အတွင်း သစ်တောဖုံးလွှမ်းမှု ကျဆင်းနေသဖြင့် သစ်တော၊ သစ်ပင်နှင့် ဒီရေတောများကို ထိန်းသိမ်းကာကွယ်သွားကြရမည်ဖြစ်ပြီး ထပ်မံစိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းကြောင့် ပြိုလဲပျက်စီးခဲ့သည့် သစ်ပင်မျိုးများကို လေ့လာဆန်းစစ်ချက်အစီရင်ခံစာအရ ဒေသနှင့်ကိုက်ညီပြီး မုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရည်ရှိသော မြို့ပြတည်ဆောက်မှုကို ထိခိုက်မှုမရှိစေမည့် သစ်ပင်များကို ရှင်သန်ကြီးထွားအောင် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အထူးအလေးထား ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ဘက်စုံသုံးဆိပ်ကမ်းရှိ အမှတ်(၂) သစ်စက်၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲဝင်းအတွင်းရှိ အမှတ်(၃) သစ်စက်နှင့် ကုန်တန်းရပ်ကွက်ရှိ အမှတ်(၁) သစ်စက်သို့ရောက်ရှိပြီး သစ်များခွဲစိတ်နေမှု၊ သစ်များစုပုံထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေကမ်းခြေတစ်လျှောက် ဒီရေတောများ စိုက်ပျိုးမည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီး ဦးထွန်းအုံနှင့် တာဝန်ရှိသူများသည် နန္ဒဝန်ရက္ခဗေဒဥယျာဉ် ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက မုန်တိုင်းလွန်ကာလ သစ်ပင်များစိုက်ပျိုးထားရှိမှု၊ မုန်တိုင်းကြောင့် ပြိုလဲပျက်စီးခဲ့သည့်သစ်ပင်များကို မုန်တိုင်းဒဏ်ခံပြည်သူများအတွက် သစ်ထုတ်နိုင်ရေး စီမံဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း ပေါက်ရောက်သည့် သစ်အုပ်စုအမျိုးအစားအလိုက် ဥယျာဉ်အင်္ဂါရပ်နှင့်အညီ စိုက်ပျိုးသွားနိုင်ရေးနှင့် အများပြည်သူအပန်းဖြေနိုင်ရေးအတွက် ဥယျာဉ်ကို မူလထက် ပိုမိုကောင်းမွန်အောင် စနစ်တကျ အလျင်အမြန် ပြန်လည်တည်ဆောက်သွားနိုင်ရေး မှာကြားပြီး ရှာဖွေကူညီကယ်ဆယ်ရေးအဖွဲ့များက လူအင်အား၊ စက်ယန္တရားအင်အားဖြင့် ဥယျာဉ်အတွင်း ပြိုလဲသစ်ပင်များအား ခုတ်ထွင်ရှင်းလင်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အရာထမ်း အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှုများနှင့် မိုခါမုန်တိုင်းတိုက်ခတ်မှုအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့မှုများ၊ ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ပွဲအခမ်းအနားကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်



စစ်တွေ ဇူလိုင် ၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များပေးအပ်ခြင်း၊ ရေငန်ပုစွန်မွေးမြူရေး ဗဟိုသရုပ်ပြစခန်းနှင့် စစ်တွေမျိုးသန့်ခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**တွေ့ဆုံ**

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့နယ် ကျက်တောပြင်ကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက မိုခါမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် အထောက်အပံ့များ ကူညီဖြည့်ဆည်းပေးရန် နိုင်ငံတော်မှ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် တစ်သီးစားမှ နှစ်သီးစား စိုက်ပျိုးနိုင်ရန်အတွက် နည်းပညာနှင့် မျိုးစေ့များကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများ ဝင်ငွေတိုးတက်ပြီး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှ မျိုးစပါးများ သယ်ယူဖြန့်ဖြူးပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကူညီဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက တာဝန်ရှိသူများထံ ကျွဲ၊ နွားများအတွက် အားဆေးနှင့် ကုသဆေးဝါးများ၊ ဟင်းသီးဟင်းရွက် မျိုးစေ့များနှင့် အလှူငွေများပေးအပ်ပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ကျွဲ၊ နွားများကို ကာကွယ်ဆေးထိုးနှံနေမှုနှင့် စပါးခွံ၊ သစ်ရွက်ဆွေးနှင့် အီးအမ်အသုံးပြု၍ သဘာဝမြေဩဇာပြုလုပ်မှု လက်တွေ့သရုပ်ပြသနေမှုကို တောင်သူလယ်သမားများအား ရှင်းလင်းပြောကြား ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေချမ်းပြင် ရေငန်ပုစွန် မွေးမြူရေးဗဟိုသရုပ်ပြစခန်းသို့ ရောက်ရှိပြီး မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ အမြန်ဆုံး ပြန်လည်ပြင်ဆင်တည်ဆောက်ပြီး လုပ်ငန်းလည်ပတ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေး၍ ရေငန်ပုစွန်သားပေါက်လုပ်ငန်းများ အမြန်ပြန်လည် လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ စခန်းမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ရေငန်ပုစွန်သားပေါက်ကောင်ရေ ၃ ဒသမ ၂ သန်း မျိုးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အုန်းရည်ပေါ်ကျေးရွာရှိ တောင်သူ ဦးစောသိန်း၏ သဘာဝပုစွန်မွေးမြူရေးကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စိုက်ပျိုးရေးဦးစီးဌာန(မျိုးစေ့ဌာနခွဲ) စစ်တွေ မျိုးသန့်ခြံသို့ရောက်ရှိပြီး မုန်တိုင်းဒဏ်ခံ ပျိုးပင်အဖြစ် ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးနိုင်ရန် အုန်းပင်ပျိုးပေါက် ၁၃၀၀၀ ပျိုးထောင်ထားရှိမှု၊ ဟင်းသီးဟင်းရွက် မျိုးစေ့ထုတ်လုပ်ရန် ပြင်ဆင်နေမှု၊ ပေါ်ဆန်းရင်၊ ဆင်းသွယ်လတ်နှင့် ဆင်းသုခမျိုးစပါးများ မျိုးစေ့ထုတ်ရန် ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

သတင်းစဉ်

# အောင်မြင်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ပြန်လည်ပြုပြင်မွမ်းမံပြီးသော ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင် ရေစက်ချမင်္ဂလာ အခမ်းအနား ကျင်းပ



နေပြည်တော် ဇူလိုင် ၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်က ပြန်လည်ပြုပြင်မွမ်းမံပြီးသော ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့် တစ်ပါးကျောင်းဆောင် နှစ်ဆောင် ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဘုန်းတော်ကြီးကျောင်းတွင်ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့နယ်သံဃနာယကအဖွဲ့ဝင် ဝင်တဲကူးကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပသန္နာစာရ မထေရ်မြတ်အမှူးပြုသော ဆရာတော် သံဃာတော်များ တက်ရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနကြီးမှူးများ၊ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဝင်တဲကူးကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်တို့က ချီးမြှင့်တော်မူသော အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက ဝင်တဲကူးကျောင်းတိုက်ပဓာန နာယက ဆရာတော်ထံမှ အနုမောဒနာတရား နာကြားပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများတွင် ဧပြီ ၂၁ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ သာသနိက အဆောက်အအုံများ၊ စာသင်ကျောင်းနှင့် ကျန်းမာရေးဌာနအဆောက်အအုံများ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် အောင်မြင်ကုန်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဓမ္မာရုံ၊ ဆွမ်းစားဆောင်၊ သိမ်ကျောင်းဆောင်နှင့် တစ်ပါးကျောင်းဆောင်နှစ်ဆောင်တို့အား ပြန်လည်ပြုပြင် မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းတို့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ တာဝန်ယူ၍ စုစုပေါင်း ငွေကျပ် သိန်း ၁၀၀၀ ကျော် ကုန်ကျခံ တည်ဆောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများတွင် ကျေးရွာအတွင်းအပြင် စိုက်ပျိုးနိုင်ရန်အတွက် မန်ကျည်းပျိုးပင်များနှင့် မျိုးစေ့များကို ပေးအပ်ခဲ့ကြောင်းနှင့် အဆိုပါကျေးရွာနှစ်ရွာတွင် ကျေးရွာသူကျေးရွာသားများအနေဖြင့် မိမိတို့အား ထောက်ပံ့ပေးအပ်ခဲ့သည့် သစ်များ၊ သွပ်များကိုအသုံးပြု၍ နေအိမ်များကို ပြန်လည်တည်ဆောက်နေထိုင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တိုက်ကြီးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း



တိုက်ကြီး ဇူလိုင် ၂

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် သနပ်ချောင်းကျေးရွာအုပ်စုခြောက်အိမ်တန်းကျေးရွာနှင့် တာဂွကျေးရွာအုပ်စု တာဂွကျေးရွာတို့တွင် ဇွန်လ စတုတ္ထအပတ်က စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့ ဖွဲ့စည်းခြင်းလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက အဆိုပါကျေးရွာ များရှိ ဘုန်းတော်ကြီး ကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းစဉ်များ၊ ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများ၊ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် အချက်များကို ရှင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခြင်းနှင့် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့များကို ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ပွင့်လင်းမြင်သာစွာရွေးချယ် အတည်ပြုဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

# (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

ထားဝယ် ဇူလိုင် ၂

(၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ဂုဏ်ပြုပွဲ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီးသမဝါယမဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ရာ အခမ်းအနားသို့ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်မှ အမှုဆောင်များနှင့် ဒါရိုက်တာများ၊ ထားဝယ်ခရိုင် လေးမြို့နယ်မှ ဦးစီးအရာရှိများနှင့်ဝန်ထမ်းများ၊ သမဝါယမအသင်းစု ဥက္ကဋ္ဌများနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးသမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး သမဝါယမဖွံ့ဖြိုးရေးဆောင်ရွက်မှုများအတွက် ဂုဏ်ပြုဆုရရှိသည့် သမဝါယမအသင်းများ၏ အခြေခံအချက်အလက်နှင့် လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများအား Power Point ဖြင့်ပြသခြင်း၊ ထုတ်လုပ်၊ ဝန်ဆောင်၊ ကုန်သွယ်မှုလုပ်ငန်းများ၌ စွမ်းဆောင်ရည်အမြင့်မားဆုံးဆုများရရှိသည့် မြို့နယ်သမဝါယမအသင်းစုများနှင့် အခြေခံသမဝါယမအသင်းများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း သမဝါယမလှုပ်ရှားမှုဓာတ်ပုံများကြည့်ရှုကြပြီး သမဝါယမအခြေခံစားကုန် အရောင်းဆိုင်မှ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချသည့် ပစ္စည်းများအား ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မိုးသီးနှံစံပြကွက် စိုက်ပျိုးမည့် တောင်သူများအား ပံ့ပိုးပစ္စည်းများထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

ဘုတလင် ဇူလိုင် ၂

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့ စိုက်ပျိုးရေးဦးစီးဌာန တောင်သူစုဝေးသဘင်ခန်းမ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မိုးသီးနှံ



စံပြကွက် စိုက်ပျိုးသည့်တောင်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးသိန်းက စံပြကွက်စိုက်ပျိုးပြသခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အကျိုးဆောင်တောင်သူများအား ပံ့ပိုးပစ္စည်းများဖြစ်သည့် စပါးမျိုးစေ့၊ နေကြာ၊ ဝါ၊ ပဲစင်းငုံမျိုးစေ့များနှင့် ယူရီးယားဓာတ်မြေသြဇာ၊ ကွန်ပေါင်းဓာတ်မြေသြဇာများကို တက်ရောက်လာသည့် တောင်သူ ၄၅ ဦးထံသို့ အသီးသီးထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက တက်ရောက်လာသည့် တောင်သူများအား တစ်နိုင်တစ်ပိုင် ကောက်ရိုးမှို စိုက်ပျိုးနည်းသင်တန်း လက်တွေ့သရုပ်ပြသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အင်္ဂပူမြို့နယ်၌ ချောင်းကူးတံတားဖွင့်ပွဲ ကျင်းပ

အင်္ဂပူ ဇူလိုင် ၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် သက္ကယ်ပြင်(သံ)ကျေးရွာတွင် ယနေ့နံနက်က သက္ကယ်ပြင်(သံ)နှင့်ကံဘက်ကျေးရွာသို့ ကူးသန်းသည့်အမှတ်(၄)ဇယန္တ ချောင်းကူးတံတားဖွင့်ပွဲအခမ်းအနား ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် မြခနောက်ဆရာတော် ဦးဇယန္တ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့်ဦးအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါတံတားကိုမြခနောက်ဆရာတော်ဦးဇယန္တ ဦးဆောင်မှုဖြင့် တောင်ငူ(GTI)ကျောင်းသား ကျောင်းသူဟောင်းများ၊ ကျေးရွာပြည်သူများက စုပေါင်းပြီးငွေကျပ် ၂၁၂ သိန်းကျော် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နျူကလီးယားစွမ်းအင်၏ အသုံးဝင်မှုများနှင့် ၎င်း၏အန္တရာယ်

စန်းစန္ဒီဇော်

မကြာသေးမီအချိန်က စာရေးသူအနေဖြင့် ရန်ကုန်မြို့ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာ၌ ကျင်းပပြုလုပ်သည့် နျူကလီးယားစွမ်းအင်ဆိုင်ရာ အသိပညာမျှဝေ ဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားတွင် နျူကလီးယားစွမ်းအင်၏ အသုံးဝင်ပုံနှင့် ကောင်းမွန်သည့်ကဏ္ဍများတွင်လည်း နျူကလီးယားနည်းပညာကို အသုံးပြုကြပုံတို့ကို တာဝန်ရှိသူများက ဆွေးနွေးပြောကြားသွားခဲ့သည်။

တစ်ချိန်တည်း၌ပင် မြန်မာနိုင်ငံတွင် လူအများစုက နျူကလီးယားကို ဖောက်ခွဲရေးပစ္စည်းအဖြစ်သာ ရှုမြင်နေကြကြောင်းနှင့် ကျောင်းသားလူငယ်နှင့် ပြည်သူများကို နျူကလီးယားစွမ်းအင်နှင့်စပ်လျဉ်း၍ အသိပညာပေးမှုများ ပံ့ပိုးပေးရန် လိုအပ်နေသေးကြောင်းကို သိခဲ့ရသည်။ ဆွေးနွေးပွဲအခမ်းအနား၏ ရည်ရွယ်ချက်များနှင့်အညီ နျူကလီးယားစွမ်းအင်၏ အကျိုးရှိမှုကို အများပြည်သူများ သိရှိစေလို၍လည်းကောင်း၊ နျူကလီးယားစွမ်းအင်အပေါ် ပြည်သူလူထု၏ ကြောက်ရွံ့သောသဘောထားအမြင်များကို ဖြေလျှော့ပေးစေလို၍လည်းကောင်း နျူကလီးယားစွမ်းအင်၏ အသုံးဝင်မှုအချို့နှင့် မိမိသိရှိခဲ့ရသည့် သတင်းအချက်အလက်များကို ပြန်လည်မျှဝေ ရေးသားဖော်ပြလိုက်ပါသည်။

### လိုအပ်သည့်ကုန်ကြမ်းမှာ ယူရေနီယံသတ္တု

နျူကလီးယားစွမ်းအင်သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်း၊ သိပ္ပံသုတေသနလုပ်ငန်းများကို အထောက်အပံ့ပြုနိုင်ခြင်း၊ ရေငုပ်သင်္ဘောများနှင့် ရေခဲခွဲသင်္ဘောများတွင် စွမ်းအားမြင့်အင်ဂျင်များအဖြစ် အသုံးပြုနိုင်ခြင်း အစရှိသည့် အရပ်ဘက်ဆိုင်ရာလုပ်ငန်းများနှင့် စစ်ဘက်ဆိုင်ရာတာဝန်များကို များစွာအထောက်အပံ့ပြုနိုင်သည်။ အရပ်ဘက်သုံး နျူကလီးယားစွမ်းအင် စီမံကိန်းများအတွက်ဖြစ်စေ၊ စစ်ဘက်သုံးနျူကလီးယားစီမံကိန်းများအတွက်ဖြစ်စေ အဓိကလိုအပ်သည့်ကုန်ကြမ်းမှာ ယူရေနီယံသတ္တုပင်ဖြစ်သည်။ ယူရေနီယံသတ္တုကို အဆင့်နိမ့် သန့်စင်သည့်အခါ လျှပ်စစ်စွမ်းအင်ကို ထုတ်လုပ်နိုင်သော နျူကလီးယားလောင်စာချောင်းများကို ရရှိသကဲ့သို့ ယူရေနီယံသတ္တုကို အဆင့်အမြင့်ဆုံးသန့်စင်သည့်အခါ အင်အားကြီးမားသော အဏုမြူစွမ်းအင်ကို ရရှိသည်။

နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတစ်ခုသည် သမားရိုးကျနည်းပညာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံများစွာတို့ထက် လျှပ်စစ်ဓာတ်အားကို ပိုမိုများပြားစွာထုတ်လုပ်ပေးနိုင်သလို နျူကလီးယားဓာတ်အားပေးစက်ရုံတစ်ခုအတွက် အသုံးပြုရမည့် လူအင်အား၊ စက်ရုံတည်ဆောက်ရမည့်အချိန်ကာလနှင့် မြေနေရာအကျယ်အဝန်းတို့မှာ အခြားသောသမားရိုးကျလျှပ်စစ်ဓာတ်အားပေးစက်ရုံတို့ထက် များစွာလျော့နည်းသက်သာသည်။ နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ကနဦးကုန်ကျစရိတ်အားဖြင့် ကြီးမားသော်လည်း ရေရှည်အကျိုးဖြစ်ထွန်းမှုရှိသော လုပ်ငန်းဖြစ်သည်။ နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် အကျိုးများသော်လည်း အချို့သောနိုင်ငံများ၌သာ နျူကလီးယားစွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သေးသည်။ ကမ္ဘာပေါ်တွင် ထုတ်လွှတ်နေသော လျှပ်စစ်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ရရှိသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေသော ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်မည့် အစိမ်းရောင်လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိရာ သစ်ပင်၊ သစ်တောဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သန့်ရှင်းသောစွမ်းအင် (Clean Energy) အသုံးပြုနိုင်ရေး စီမံကိန်းများကို အလေးထားဖော်ဆောင်နေကြသည်။ သန့်ရှင်းသောစွမ်းအင်ဆိုသည်မှာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုမရှိသော သို့မဟုတ် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ထုတ်လွှတ်မှု မရှိသလောက်နည်းပါးသောစွမ်းအင်ကို ဆိုလိုသည်။

### စွမ်းအင်ပမာဏသည် ကျောက်မီးသွေး ၅၅၀ ကီလိုဂရမ်နှင့်တူညီ

နျူကလီးယားစွမ်းအင်သည် ကာဗွန်ထုတ်လုပ်မှု အနည်းဆုံးသော ဒုတိယ Clean Energy ဖြစ်သည်နှင့်အညီ ကာဗွန်ထုတ်လုပ်မှုပမာဏကို သိသိသာသာ ထိန်းချုပ်ပေးနိုင်သည်။ ၄ ဒသမ ၅ ဂရမ်ရှိသည့် နျူကလီးယားလောင်စာတောင့်တစ်လုံးတွင်ပါဝင်သော စွမ်းအင်ပမာဏသည် ကျောက်မီးသွေး ၅၅၀ ကီလိုဂရမ်နှင့်တူညီသည်။ နျူကလီးယားဓာတ်အားပေးစခန်းများသည် ကျောက်မီးသွေးစက်ရုံများထက် ဓာတ်ရောင်ခြည်ထုတ်လွှတ်မှု ပိုမိုနည်းပါးသည်။ ထို့ကြောင့် နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သော နည်းပညာသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသလောက် အကျိုးသက်ရောက်မှုနည်းပါးသော လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်သည်။

> “လက်ရှိတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၁ နိုင်ငံ၌ နျူကလီးယားဓာတ်ပေါင်းဖိုပေါင်း ၄၁၀ လည်ပတ်နေ၍ နောက်ထပ်ဓာတ်ပေါင်းဖို ၅၈ ခုကို နိုင်ငံ ၁၈ နိုင်ငံတွင် တည်ဆောက်နေဆဲဖြစ်သည်။ ပထမဆုံးနျူကလီးယားဓာတ်အားပေးစက်ရုံကို စတင်တည်ဆောက်ခဲ့သောနိုင်ငံမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဖြစ်၍ ရုရှားနျူကလီးယားစက်ရုံများသည် နှစ်စဉ်ဖန်လုံအိမ်ဓာတ်ငွေ့တန်ချိန် ၁၀၉ ဒသမ ၅ သန်း ထုတ်လွှတ်မှုကို တားဆီးပေးနိုင်သည်။ ရုရှားနိုင်ငံတွင် နျူကလီးယားဓာတ်အားပေးစက်ရုံများမှ ထုတ်လွှတ်သောညစ်ညမ်းမှုသည် ကုန်ထုတ်လုပ်မှုစက်ရုံများအားလုံးမှ ထုတ်လွှတ်သော ညစ်ညမ်းမှုများစုစုပေါင်း၏ သုည ဒသမ ၁ ရာခိုင်နှုန်းသာရှိ”

နျူကလီးယားစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းမှုမဖြစ်စေသော်လည်း နျူကလီးယားစွမ်းအင်၏ အဓိကကုန်ကြမ်းဖြစ်သော ယူရေနီယံသတ္တုများကို တူးဖော်သည့်အချိန်နှင့် နျူကလီးယား မတော်တဆမှုဖြစ်ပွားသည့်အချိန်များတွင် ပေါ်ထွက်လာသော ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များသည် လူသားများနှင့် သဘာဝပတ်ဝန်းကျင်ကို ဘေးအန္တရာယ်ဖြစ်စေနိုင်သောကြောင့် ဓာတ်ရောင်ခြည်သင့်ရောက်မှုမဖြစ်စေရန် စနစ်ကျသောအစီအမံများဖြင့် ကြိုတင်ကာကွယ်ထားရန် လိုအပ်ပေသည်။

လက်ရှိတွင် ကမ္ဘာ့နိုင်ငံပေါင်း ၃၁ နိုင်ငံ၌ နျူကလီးယားဓာတ်ပေါင်းဖိုပေါင်း ၄၁၀ လည်ပတ်နေ၍ နောက်ထပ်ဓာတ်ပေါင်းဖို ၅၈ ခုကို နိုင်ငံ ၁၈ နိုင်ငံတွင် တည်ဆောက်နေဆဲဖြစ်သည်။ ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံကို စတင်တည်ဆောက်ခဲ့သောနိုင်ငံမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံဖြစ်၍ ရုရှားနျူကလီးယားစက်ရုံများသည် နှစ်စဉ် ဖန်လုံအိမ်ဓာတ်ငွေ့တန်ချိန် ၁၀၉ ဒသမ ၅ သန်း ထုတ်လွှတ်မှုကို တားဆီးပေးနိုင်သည်။ ရုရှားနိုင်ငံတွင် နျူကလီးယားဓာတ်အားပေးစက်ရုံများမှထုတ်လွှတ်သော ညစ်ညမ်းမှုသည် ကုန်ထုတ်လုပ်မှုစက်ရုံများအားလုံးမှ ထုတ်လွှတ်သော ညစ်ညမ်းမှုများ စုစုပေါင်း၏ သုည ဒသမ ၁ ရာခိုင်နှုန်းသာရှိသည်။ ထို့အပြင် ရုရှားနိုင်ငံ၏ လျှပ်စစ်စွမ်းအား ၂၅ ရာခိုင်နှုန်းကို နျူကလီးယားစွမ်းအင်မှ ရရှိကြောင်းကို နျူကလီးယားဓာတ်ပေါင်းဖိုတွင် အလုပ်လုပ်ကိုင်ဖူးသော ရုရှားနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်အရ သိခဲ့ရသည်။

နျူကလီးယားနည်းပညာကို ကျန်းမာရေးကဏ္ဍ (CT Scan ဖြင့် ရောဂါရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများအား ပိုးသတ်ခြင်း)၊ အစားအစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ (အစားအစာများကို ရောင်ခြည်ပေး၍ တာရှည်ခံအောင် ပြုလုပ်ခြင်း၊ အစားအသောက်များအတွင်း ရေဒီယိုသတ္တိကြွပစ္စည်းများ ပါဝင်မှုတိုင်းတာခြင်း၊ မြေဆီလွှာအားကောင်းစေခြင်း၊ ပိုးမွှားနှိမ်နင်းခြင်း၊ တိရစ္ဆာန်များ၏ ကျန်းမာရေး၊ အာဟာရ၊ မွေးမြူရေးနှင့် ကုသရေးတို့ကို အထောက်အပံ့ပြုခြင်း)၊ ဇလဗေဒကဏ္ဍ (ရေအရင်းအမြစ်ရှာဖွေခြင်း၊ ရေသက်တမ်းတွက်ချက်ခြင်း၊ ရေငန်မှ ရေချိုပြောင်းခြင်း)၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍ (လေထု၊ ရေနှင့် မြေအရည်အသွေးတိုင်းတာခြင်း)၊ စက်မှုကဏ္ဍ (မူရင်းမပျက် စမ်းသပ်စစ်ဆေးခြင်း၊ ဒြပ်ပစ္စည်းများကို အရည်အသွေးမြှင့်တင်ခြင်း၊ ထုတ်ကုန်အရည်အသွေးမြှင့်တင်ထိန်းချုပ်ခြင်း) နှင့် ယဉ်ကျေးမှုကဏ္ဍ (သက်တမ်းတွက်ချက်ခြင်း၊ အနုပညာလက်ရာများတွင် ပါဝင်ဖွဲ့စည်းထားသည့် အရာဝတ္ထုများနှင့် နည်းပညာများကို လေ့လာခြင်း၊ မပျက်မယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း) တို့တွင် အသုံးပြုသည်။ မြန်မာနိုင်ငံတွင် နျူကလီးယားဓာတ်အားပေးစက်ရုံ မရှိသေးသော်လည်း နျူကလီးယားနည်းပညာကို ဖော်ပြခဲ့သောနယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးချနေပေသည်။

### ၄က်ဖျားရောဂါဖြင့် နှစ်စဉ် လူပေါင်းငါးသိန်းခန့် သေဆုံး

ထို့ပြင် ငှက်ဖျားရောဂါဖြင့် နှစ်စဉ် လူပေါင်း ၅၀၀၀၀၀ (ငါးသိန်း) ခန့် သေဆုံးနေသည်ဖြစ်ရာ နျူကလီးယားနည်းပညာအသုံးပြု၍ ခြင်များကို မျိုးမပွားအောင် ထိန်းချုပ်နိုင်ကြောင်း၊ နျူကလီးယားနည်းပညာသည် ငှက်ဖျားရောဂါကို တိုက်ဖျက်ရာတွင်သာမက ဇီကာဗိုင်းရပ်စ်နှင့် သွေးလွန်တုပ်ကွေးရောဂါတို့ကို တိုက်ဖျက်ရာတွင်လည်း ကူညီပေးနိုင်ကြောင်းနှင့် ရှေးဟောင်းရုပ်တုများကို ဆေးရောင်ခြယ်ရာတွင်လည်း အထောက်အကူဖြစ်ကြောင်းတို့ကို သိရသည်။

အရာအားလုံးတွင် ကောင်းကျိုးနှင့် ဆိုးကျိုးမှာ ဒွန်တွဲနေသည်ဖြစ်ရာ နျူကလီးယားစွမ်းအင် အသုံးပြုမှုတွင် ကောင်းကျိုးများစွာရှိသကဲ့သို့ ဆိုးကျိုးများလည်းရှိသည်။ နျူကလီးယားနည်းပညာ၏ ကနဦးအစဖြစ်သော ယူရေနီယံစတင်တူးဖော်သည့်အချိန်မှစ၍ နျူကလီးယားဓာတ်အားပေးစက်ရုံ လည်ပတ်နေသမျှကာလပတ်လုံး ဓာတ်ရောင်ခြည်သင့်နိုင်မည့်အရေးမှာ စိုးရိမ်ဖွယ်ဖြစ်သည်။

နျူကလီးယားစွန့်ပစ်ပစ္စည်းများကို ဖျက်ဆီးစွန့်ပစ်ရာတွင်လည်း ဓာတ်ရောင်ခြည်အန္တရာယ် မကျရောက်စေရန် စနစ်တကျစွန့်ပစ်ရမည်ဖြစ်သည်။ နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်ပွားပါက ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များက ပတ်ဝန်းကျင်သို့ ပျံ့နှံ့ရောက်ရှိလာမည်ဖြစ်ပြီး ၎င်းဝန်းကျင်အနီးတစ်ဝိုက်ရှိ မြေဆီလွှာများ ပျက်သုဉ်းကာ ထွန်ယက်စိုက်ပျိုး၍မရသည့် အခြေအနေသို့ ရောက်ရှိသွားမည်။ ထို့အပြင် သဘာဝအလျောက် ပေါက်ရောက်နေသောသစ်ပင်၊ ပန်းမန်များကိုလည်း ထိခိုက်စေသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသည့်အပြင် သဘာဝပတ်ဝန်းကျင်ကို မှီခိုရှင်သန်ကျက်စားနေကြသော တောရိုင်းတိရစ္ဆာန်များလည်း လျော့နည်းသွားစေမည်ဖြစ်သည်။ ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်သင့်ရောက်မှုသည် လူ့ခန္ဓာကိုယ်ရှိ တစ်သျှူးများကို ပျက်စီးစေနိုင်သည်။ ဓာတ်ရောင်ခြည်သင့်ရောက်ခံရမှုပမာဏနည်းပါးပါက စိုးရိမ်ဖွယ်မရှိသော်လည်း ဓာတ်ရောင်ခြည်သင့်ရောက်မှုပမာဏ အလွန်များပြားလာမည်ဆိုပါက ကင်ဆာရောဂါအမျိုးမျိုး၊ မျိုးဗီဇပြောင်းလဲခြင်းဖြစ်စဉ်များနှင့် မျိုးမအောင်ခြင်းကဲ့သို့သော ကျန်းမာရေးပြဿနာများကို ဖြစ်ပေါ်စေသည်။ အမိဝမ်းတွင်းရှိ သန္ဓေသားဘဝ၌ ဓာတ်ရောင်ခြည်သင့်ခံရပါက ဓာတ်ရောင်ခြည်သင့်ရောက်မှုပမာဏအပေါ်မူတည်၍ သန္ဓေသား၏ ဖွံ့ဖြိုးမှုကို ထိခိုက်မှုများစွာဖြစ်စေနိုင်သည်။

မည်သို့ပင်ဖြစ်စေ ယနေ့ခေတ် ကမ္ဘာတွင် နျူကလီးယားသည်အလွန်ရေပန်းစားနေသောအရာဖြစ်ပြီး နိုင်ငံအများအပြားက နျူကလီးယားစွမ်းအင်မှ ရရှိသောအကျိုးအမြတ်ဖြင့် ၎င်းတို့နိုင်ငံ၏ တိုးတက်ရေးကို လုပ်ဆောင်နေကြသည်။ သို့သော် အချို့သောနိုင်ငံများက အဆင့်မြင့်သန့်စင်ထားသော ယူရေနီယံများကို အသုံးပြုပြီး အဖျက်စွမ်းအားကြီးမားသော စစ်ဘက်သုံးနျူကလီးယား စစ်လက်နက်ပစ္စည်းများ၊ အဏုမြူဗုံးများကို ထုတ်လုပ်ကြသည်။ စစ်ဘက်သုံး နျူကလီးယားလက်နက်ပစ္စည်းများကို အပြိုင်အဆိုင်ထုတ်လုပ်သုံးစွဲလာမည်ဆိုပါက ကမ္ဘာ့တိုက်ကြီးများအားလုံးသည် စစ်မြေပြင်များအဖြစ်သို့ ရောက်ရှိသွားနိုင်မည့်အရေးမှာ စိုးရိမ်ဖွယ်ဖြစ်သည်။

### နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်

ထို့ကြောင့် အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်စီမံကိန်းများမှ စစ်ဘက်သုံးနျူကလီးယားစီမံကိန်းသို့ ပြောင်းလဲရောက်ရှိမသွားစေရန် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ်ကို ကမ္ဘာ့နိုင်ငံအများစုက လက်မှတ်ရေးထိုးခဲ့ကြသလို နျူကလီးယားလက်နက်များ အထိန်းအကွပ်မဲ့စွာ ထုတ်လုပ်လာမည့်အရေးကို ကာကွယ်တားဆီးရန် နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA) ကလည်း သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းကာ နျူကလီးယားစီမံကိန်းများကို စစ်ဆေးပေးလျက်ရှိသည်။

ယနေ့မျက်မှောက်ကာလတွင် နျူကလီးယားနည်းပညာသည်လည်း ပြောင်းလဲတိုးတက်လာသည်ဖြစ်ရာ နျူကလီးယားစွမ်းအင်ကို အဖျက်အမှောင့်လုပ်ငန်းများတွင် အသုံးမချဘဲ အရပ်ဘက်စီမံကိန်းများတွင် သက်ရှိများနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်ပွားအောင် နည်းစနစ်တကျဖြင့် မှန်မှန်ကန်ကန်အသုံးချနိုင်မည်ဆိုပါက များစွာအကျိုးအမြတ်ရှိနိုင်မည်ဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ပါသည်။ ။


Reference:

- https://www.iaea.org/newscenter/news/what-is-nuclear-energy-the-science-of-nuclear-power
- nuclear power, natural environment and the risk of radiation by science writer, Ko Ko Aung

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**ကြည့်ရှုအားပေး**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် တာဝန်ရှိသူများသည် ရွာမကျေးရွာ နယ်စပ်ဒေသဂန္ဓရီလူငယ်ဖွံ့ဖြိုးရေးပရဟိတသင်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကားများ ပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့ပြင် ဂန္ဓရီကျေးရွာရှိ ဒေသခံပြည်သူများအား ပြန်လည်ထူထောင်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ဒုတိယအကြိမ်အဖြစ် ထောက်ပံ့ပေးအပ်၍ အားပေးစကားများ ပြောကြားသည်။



ထို့နောက် ကုလားတန်(၃)ရေယာဉ်ဖြင့် ရောက်ရှိလာသော လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား မီးရထားဆိပ်ရပ်ကွက်ရှိ စားသုံးသူရေးရာကိုဒေါင်အတွင်း စနစ်တကျထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးခဲ့သည်။

အလားတူ မြောက်ဦးမြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် သောင်းထိုက်ရွှေနှင့် တာဝန်ရှိသူများသည် မြောက်ဦးမြို့နယ်အတွင်း မိုခါမုန်တိုင်းကြောင့် ပျက်စီးသွားသော ကျေးရွာအုပ်စု ၁၂ အုပ်စုမှ မုန်တိုင်းသင့်တောင်သူများထံသို့ GW-11 မျိုးစပါး တင်း ၉၀၀ ကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်တင်ဆွေနှင့် တာဝန်ရှိသူများသည် မောင်တောမြို့ရှိ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများအား အားပေးစကား ပြောကြားပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သော အခြေခံစာရင်းဇယားရေးဆွဲနည်းနှင့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားလာစေရန်ရည်ရွယ်၍ စာရေးဝန်ထမ်းများ အခြေခံစာရင်းဇယားရေးဆွဲနည်းသင်တန်းအမှတ်စဉ် (၁/၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်က ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ သာယာကုန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်**

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဂန္ဓရီကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်






## မိုခါမုန်တိုင်းသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေသူများအား နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ သီဆိုကပြဖျော်ဖြေ

နေပြည်တော် ဇူလိုင် ၂

ရခိုင်ပြည်နယ်အတွင်းရှိ မိုခါမုန်တိုင်းဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား စိတ်ရွှင်လန်းချမ်းမြေ့စေရန်နှင့် ပင်ပန်းနွမ်းနယ်မှုများ ပြေပျောက်စေရန်အတွက် ယနေ့ညနေပိုင်းတွင် ဝါခုတ်ချောင်းတပ်နယ်ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ စစ်သည်/စစ်သမီးများက အဆို/ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် စစ်သည်/ စစ်သမီးများက မြန်မာ့သံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်း အဆို/အကများ၊ တေးသရုပ်ဖော်အကများ၊ ရယ်ရွှင်ဖွယ်ရာ ဟာသပြဇာတ်၊ ဒေသ၏ရိုးရာယဉ်ကျေးမှု အကအလှများ၊ ဗဟုသုတဖြစ်ဖွယ်ရာ အသိပညာပေးအစီအစဉ်များဖြင့် ကဏ္ဍစုံလင်စွာ သီဆိုကပြဖျော်ဖြေကြရာ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများ ပျော်ရွှင်စွာကြည့်ရှုအားပေးကြသည်။ ထိုသို့ သီဆိုကပြဖျော်ဖြေသော စစ်သည်/ စစ်သမီးများအား နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တွေမြို့နှင့် ရသေ့တောင်မြို့တို့တွင် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာ ဆက်လက်ရောင်းချ

နေပြည်တော် ဇူလိုင် ၂

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား/ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ငါးတန်အချိုပေါင်းဘူး၊ငါးသလေကတ်ဘူး၊ ငါးကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

**တစ်ခဲနက်ဝယ်ယူအားပေး**

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူအားပေးကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇူလိုင် ၂

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# အစ္စရေးနိုင်ငံက F-35 ကိုယ်ပျောက် တိုက်ခိုက်ရေး ဂျက်လေယာဉ်သစ် ၂၅ စင်း ဝယ်ယူရန် အတည်ပြု

**ဂျေရုဆလင် ဇူလိုင် ၂**

အစ္စရေးနိုင်ငံသည် အမေရိကန်နိုင်ငံထံမှ F-35 ကိုယ်ပျောက် တိုက်ခိုက်ရေးဂျက်လေယာဉ်အသစ် ၂၅ စင်းကို ဝယ်ယူရန် အတည်ပြုလိုက်ပြီဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီး ဌာနက ဇူလိုင် ၂ ရက် ထုတ်ပြန်ချက်တစ်ရပ်တွင် ပြောကြား ခဲ့သည်။

အဆိုပါသဘောတူညီချက်သည် အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့် တန်ဖိုးရှိပြီး အစ္စရေးနိုင်ငံအနေဖြင့် အမေရိကန် နိုင်ငံ၏ ကာကွယ်ရေးအထောက်အပံ့မှတစ်ဆင့် ထောက်ပံ့ ပေးမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးဌာနက ပြောကြားသည်။

အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့အကြား သဘောတူညီချက် ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ Lockheed Martin နှင့် အင်ဂျင်ထုတ်လုပ်ရေးကုမ္ပဏီ Pratt & Whitney တို့သည် အစ္စရေးနိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ စက်မှု လုပ်ငန်း၌ လေယာဉ်အစိတ်အပိုင်းများ ထုတ်လုပ်ရာတွင် ပါဝင်ရန် သဘောတူညီခဲ့ကြသည်။ ယင်းသို့သော သဘောတူညီ ချက်အရ အစ္စရေးလေတပ်အနေဖြင့် F-35 ကိုယ်ပျောက် တိုက်ခိုက်ရေး ဂျက်လေယာဉ်အစင်းရေ ၇၅ စင်းအထိ ပိုင်ဆိုင်ခွင့် ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

အစ္စရေးနိုင်ငံသည် F-35 ကိုယ်ပျောက်တိုက်ခိုက်ရေး ဂျက်လေယာဉ်ကို အမေရိကန်နိုင်ငံ၏ ပြင်ပတွင် ပထမဆုံး ဝယ်ယူအသုံးပြုသည့်နိုင်ငံဖြစ်ပြီး အစ္စရေးနိုင်ငံအနေဖြင့် ပထမ ဆုံးသော F-35 ကိုယ်ပျောက်တိုက်ခိုက်ရေး ဂျက်လေယာဉ် ကိုးစင်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် စတင်အသုံးပြုခဲ့ကာ ၂၀၁၈ ခုနှစ် မေလတွင် တိုက်ခိုက်ရေးအတွက် ပထမဆုံးတပ်ဖြန့် ချထားမှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**






# တောင်အာဖရိကနိုင်ငံရှိ လူကြိုက်အများဆုံး လူမှုကွန်ရက် ငါးခုတွင် တစ်တော့ခ် ဒုတိယလူကြိုက်အများဆုံးနေရာတွင် ရပ်တည်

**ကိတ်တောင်း ဇူလိုင် ၂**

တစ်တော့ခ်သည် တောင်အာဖရိကနိုင်ငံရှိ လူကြိုက်အများဆုံး လူမှုကွန်ရက် ငါးခုအနက် ဒုတိယသုံးစွဲသူအများဆုံးနေရာတွင် ရပ်တည်လျက်ရှိကြောင်း တောင်အာဖရိက လူမှုမီဒီယာ Landscape 2023 ၏ စစ်တမ်းတစ်ရပ်အရ သိရသည်။

တစ်တော့ခ် သုံးစွဲသူပမာဏသည် အင်စတာဂရမ်ကို ကျော်ဖြတ်ကာ ဖေ့စ်ဘွတ်ခ် ကိုပင် တုပယှဉ်ပြိုင်လျက်ရှိသည်။

မြို့ပြဒေသများ၌ ဖေ့စ်ဘွတ်ခ်သုံးစွဲသူ အသက် ၁၅ နှစ်နှင့်အထက် ပြည်သူ အရေအတွက် ၅၆ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး ဆိုရှယ်မီဒီယာနယ်ပယ်ကို သုံးစွဲသူပမာဏ အများဆုံးဖြင့် ဆက်လက်လွှမ်းမိုးထားဆဲဖြစ်ကြောင်း ဈေးကွက်သုတေသနဌာန World Wide မှ ထုတ်ပြန်သော တောင်အာဖရိကလူမှုမီဒီယာ Landscape 2023 လေ့လာမှုအရ သိရသည်။

အလားတူ တစ်တော့ခ်သည်လည်း သုံးစွဲသူပမာဏ ၃၀ ဒသမ ၆ ရာခိုင်နှုန်းဖြင့် အင်စတာဂရမ်ကို ကျော်ဖြတ်ကာ ဒုတိယသုံးစွဲသူပမာဏ အများဆုံးနေရာသို့ ရောက်ရှိ လာခဲ့သည်။

ထို့ပြင် တစ်တော့ခ်သည် အသက် ၁၅ နှစ်အောက် သုံးစွဲသူများသာမက ၁၅ နှစ် နှင့်အထက် သုံးစွဲသူများကိုပါ ပစ်မှတ်ထားကာ ဈေးကွက်ချဲ့ထွင်လျက်ရှိကြောင်း သိရသည်။ အင်စတာဂရမ်သည် တောင်အာဖရိက ဆိုရှယ်မီဒီယာအသုံးပြုသူများ ကြားတွင် ၎င်း၏ရေပန်းစားမှုကို ဆက်လက်ထိန်းသိမ်းထားကာ သုံးစွဲသူပမာဏ ၂၇ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယသုံးစွဲသူအများဆုံးနေရာကို ရယူထားပြီး တွစ်တာသည် သုံးစွဲသူပမာဏ ၂၂ ဒသမ ၅ ရာခိုင်နှုန်းဖြင့် စတုတ္ထနေရာတွင် ရပ်တည်လျက်ရှိကြောင်း လေ့လာမှုတစ်ရပ်အရ သိရသည်။

ထို့ပြင် LinkedIn ဆိုရှယ်မီဒီယာသည် ၁၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ပဉ္စမနေရာတွင် ရပ်တည်လျက်ရှိသည်။ **ကိုးကား- ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ ယူနန်ပြည်နယ်၌ အွန်လိုင်းလောင်းကစားမှုတွင် ပါဝင်ပတ်သက်သူ ၉၃ ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီး

**ပေကျင်း ဇူလိုင် ၂**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ အွန်လိုင်းလောင်းကစား မှုတစ်ခုတွင် ပါဝင်ပတ်သက်သူ ၉၃ ဦး အား ရဲတပ်ဖွဲ့က ယနေ့ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါလောင်းကစားမှုတွင် အမေ ရိကန်ဒေါ်လာ ၁၂၄ ဒသမ ၆ သန်း (ယွမ် သန်း ၉၀၀ ကျော်) ပါဝင်ကြောင်း ရဲတပ်ဖွဲ့ က ဆိုသည်။ ယင်းနှင့်ဆက်စပ်သည့် အွန်လိုင်းလောင်းကစား အက်ပလီ ကေးရှင်း ခုနစ်ခုကိုလည်း ပိတ်ပင်လိုက်ပြီ ဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်တွင် ဝမ်အမည်ရှိသူ တစ်ဦးက ငွေကြေးမြောက်မြားစွာ ပါဝင် သည့် အွန်လိုင်းလောင်းကစား လှုပ်ရှားမှု များ ပြုလုပ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များက တွေ့ရှိခဲ့ပြီးနောက် အဆိုပါလောင်းကစား အဖွဲ့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ရန် စတင် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

အင်တာနက်နည်းပညာ ကုမ္ပဏီ တစ်ခုသည် ပိရမစ်တည်ဆောက်မှုပုံစံ အဆင့်ဆင့်ဖြင့် လောင်းကစားအက်ပလီ ကေးရှင်းများကို တီထွင်ခဲ့ပြီး ဒေသဆိုင်ရာ ဝန်ထမ်းများခန့်ကာ ငွေကြေးအမြောက် အမြားရှာဖွေလျက်ရှိကြောင်း ရဲအရာရှိ များက ဆိုသည်။ ၁၆ လကြာ စုံစမ်း စစ်ဆေးပြီးနောက် လောင်းကစားဂိုဏ်း ကိုးခုကို ဝင်ရောက်စီးနင်းခဲ့ရာ မိုဘိုင်း ဖုန်း ၈၀ ခန့်နှင့် ကွန်ပျူတာ ၂၇ လုံးကို သိမ်းဆည်းရမိခဲ့ကြောင်း ရဲအရာရှိများက ဆိုသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ အလယ်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူပေါင်း ၇၀၀၀ နီးပါးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

**ချန်ရှား ဇူလိုင် ၂**

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူနန် ပြည်နယ်၏ ဒေသတချို့တွင် မိုးသည်း ထန်စွာရွာသွန်းခဲ့ခြင်းကြောင့် လူပေါင်း ငါးသန်းကျော်သည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဖြစ်ပေါ်သည့် နောက်ဆက်တွဲပြဿနာများကို ကြုံတွေ့ ခဲ့ရကာ လူပေါင်း ၇၀၀၀ နီးပါးကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရ ကြောင်း သိရသည်။



**ပျက်စီးမှုရှိခဲ့**

ဟူနန်ပြည်နယ်သည် ဇွန် ၂၉ ရက် ကတည်းက မိုးသည်းထန်စွာရွာသွန်းမှု ဒဏ်ခံခဲ့ရခြင်းဖြစ်ပြီး ရှန်ဇီဒေသတွင်မူ အဆိုပါမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေ ၂၈၈၇ ဒသမ ၁ ဟက်တာပေါ်တွင် စိုက်ပျိုးထားသော ကောက်ပဲသီးနှံများ ပျက်စီးမှုရှိခဲ့ကြောင်း ဟူနန်ပြည်နယ် ရေကြီးမှုနှင့် မိုးခေါင်ရေရှားမှု ထိန်းချုပ် ရေးဌာနချုပ်က ပြောကြားသည်။

ထို့ပြင် ယင်းသို့ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ် အလုံးရေ ၁၃၀၀ ကျော် ပျက်စီးခဲ့ကြောင်းလည်း သိရသည်။ ဟူနန်ပြည်နယ်သည် ဇွန် ၁ ရက်မှစတင်ကာ အမြင့်ဆုံးမိုးရေချိန်သည် ၁၃၇ ဒသမ ၄ မီလီမီတာအထက်တွင် ရောက်ရှိမည်ဟုလည်း မိုးလေဝသဌာနက ခန့်မှန်းထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**



# အီရတ်နိုင်ငံက ဇွန်လအတွင်း ရေနံစိမ်းစည်ပေါင်း သန်း ၁၀၀ ကျော် တင်ပို့နိုင်ခဲ့

**ဘဂ္ဂဒက် ဇူလိုင် ၂**

အီရတ်နိုင်ငံသည် ဇွန်လအတွင်းက ရေနံစိမ်းစည်ပေါင်း ၁၀၀ ဒသမ ၅၉ သန်းခန့် တင်ပို့နိုင်ခဲ့ခြင်းကြောင့် အမေရိကန် ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံဝင်ငွေရရှိခဲ့ကြောင်း အီရတ် နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက ဇူလိုင် ၁ ရက်တွင် ကြေညာ ခဲ့သည်။

ဇွန်လအတွင်း အီရတ်နိုင်ငံ၏ ရေနံစိမ်းတစ်စည်၏ ပျမ်းမျှ ဈေးနှုန်းသည် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၁ ဒေါ်လာရှိကြောင်း အီရတ်ကုမ္ပဏီတစ်ခုဖြစ်သည့် ရေနံဈေးကွက် ရှာဖွေရေး အဖွဲ့အစည်း၏ စာရင်းအင်းများကို ကိုးကား၍ အီရတ်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့်ဇွန်လအတွင်း အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းရေနံမြေများမှတစ်ဆင့် ရေနံစည် ၉၈ ဒသမ ၇၂ သန်းခန့်တင်ပို့နိုင်ခဲ့ကြောင်း၊ နိုင်းဗက်ပြည်နယ်မြောက်ပိုင်းရှိ ကေယာရာရေနံမြေမှ ရေနံစည်ပေါင်း တစ်သန်းနီးပါး တင်ပို့နိုင်ခဲ့ ကြောင်းလည်း သိရသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးသည် အဓိကအားဖြင့် ရေနံစိမ်း တင်ပို့မှုအပေါ်တွင် အလွန်အမင်းမှီခိုလျက်ရှိပြီး နိုင်ငံဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်သည် ရေနံစိမ်းတင်ပို့မှုမှ ရရှိနေခြင်း ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ကြွေထည်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



တနင်္သာရီတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဇူလိုင် ၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့သောင်းမြို့နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့က ကော့သောင်းမြို့၏ ကမ်းနားတစ်လျှောက်ရှိ ဂိုဒေါင်များကို ရှောင်တခင် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွာမလမ်း အိမ်အမှတ်(၃) ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Wai Wai ခေါက်ဆွဲခြောက်ထုပ် ၅၅၈၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကိုလည်းကောင်း၊ မြိတ်ကမ်းရိုးတန်း မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ကျောက်ဖျာကျေးရွာ အထူးဆိပ်ရှိတံတားများကို စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရှင်ကစိန်လမ်း ပြည်တန် ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် WD စားသုံးဆီ ဘူး ၇၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀) ကိုလည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇွန် ၃၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ပဲခူးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ လာရောက်အပ်နှံခဲ့သော ယာဉ်သုံးစီးကို အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Yum Yum ခေါက်ဆွဲခြောက် အထုပ် ၈၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀)၊ Calcium Chloride Granular ၂၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) ကိုလည်းကောင်း၊ M–150 တံဆိပ်အချိုရည် ပုလင်း ၇၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၅၀၀၀)၊ Yacth Non Dairy Creamer ၄၆၈ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၄၀၀၀)၊ Yacth ကပ်ကြော်မှုန့် အိတ် ၁၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀)၊ Fa thai Lime Juice ၈၂၈ ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၉၆၀၀)၊ Koh Kae Coated Peanuts with Ovaltine Flavour ၁၆၈ ဘူး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀)၊ 3M Ketac Cem Easymix Glass Lonomer Luting Cement Powder 30 g and Liquid 12 ml အစုံ ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း၊ M–150 တံဆိပ်အချိုရည် ပုလင်း ၇၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၅၀၀၀)၊ Yacth Non Dairy Creamer ၆၉၆ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၈၈၀၀၀)၊ Yacth ကပ်ကြော်မှုန့် အိတ် ၁၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀)၊ Fa thai Lime Juice ဘူး ၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀)၊ Violet Milk Flavoured Wafers အထုပ် ၂၁၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကို လည်းကောင်း၊ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ပဲခူးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးအား စိစစ်၍ ပဲခူးမြို့နယ်အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ Haier Brand New Air Conditioner ၅၁ ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉၉၃၁၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၉၄၈၉၂၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ကျောက်မဲမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် နံ့သာဖြူဟု ယူဆရသော အတုံးများ ကီလိုဂရမ် ၉၅၀(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ မုံရွာမြို့မှ လားရှိုးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား သုည ဒသမ ၁၀၈၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေး–လားရှိုးကားလမ်း မိုင်တိုင်အမှတ် ၂၁ မိုင် ၃ ဖာလုံ၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်သုံးစီးကို စိစစ်ရာ အကောက်ခွန်မဲ့ပစ္စည်းများ တွေ့ရှိရသဖြင့် မန္တလေးမြို့နယ် အကောက်ခွန် ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်၍ အသေးစိတ် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် ကျောပိုးအိတ် ၁၀၀၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Doungfeng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောပိုး အိတ် ၁၂၀၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၅၀၀၀၀)၊ ဆံပင်ပေါင်းဆေးဘူး ၁၂၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ သွင်းကုန်ကြေညာလွှာတွင် ဖော်ပြထားသည်ထက် ပိုမိုပါရှိလာသော ထမင်းဘူး ၅၃၆ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၃၅၄၀)၊ ကြွေဇွန်း ၁၄၅ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၉၇၆၁)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၅၆၂၃၃၀၁)ကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၃၀ ရက်တွင်သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၂၇၂၂၁)ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

တိုက်ကြီး ဇူလိုင် ၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးဌာနတို့ပူးပေါင်း၍ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို တိုက်ကြီးမြို့နယ် သနပ်ချောင်းကျေးရွာ မဟာဗောဓိ ဘုရားငါးဆူ သာသနာ့ရိပ်သာဝင်း၌ ယမန်နေ့နံနက် ၈ နာရီတွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးချမ်းသာမြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်မာအေးနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာနေပြည်သူများ အင်အား ၃၅၀ က အမြင့်နှစ်ပေနှင့်အထက်ရှိ ကျွန်းပင် ၁၅၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ပိတောက်ပင် ၁၅၀၊ မဟော်ဂနီပင် ၁၀၀ နှင့် မန်ကျည်းပင် ၉၅၀ စုစုပေါင်းပျိုးပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြင့်ဦး

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကျူဗောင်းကျေးရွာနေ စောမြတ်သန်းနှင့် စောလင်းထူးတို့သည် ၎င်းတို့အသုံးပြုသည့် “Saw Myat Than” Facebook အကောင့်၊ “Saw Lin Htoo” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Supplementary Grammar Exercises
### Present Simple (V1)

**I. Circle the correct option.**

1. He doesn't play / plays the guitar.
2. My cat run/ runs very fast.
3. My sister lives/ live in London.
4. She go/ goes to school.
5. He play/ plays basketball.

**II. Fill in the blanks with the simple present tense form of the verbs given in brackets.**

1. Cows ___ us milk. (give)
2. My grandmother ___ delicious meals. (cook)
3. The boys ___ hard to get good grades. (study)
4. The teacher ____ the parents today. (meet)
5. The dogs ___ at night. (bark)

**III. Complete the sentences in the simple present tense in negative form.**

**e.g. My father doesn't sleep early every day.**

**e.g. My brothers don't study hard.**

1. They ____________ (not / have) English classes on Saturday.
2. Ko Ko ____ (not/ do) his homework at night.
3. He ___ (not/ go) to the cinema on the weekend.
4. Sein Sein _____ (not/ like) to eat pizza here.
5. Daw Lay _____ (not / cook) chicken curry every day.

**IV. Fill in with "Do" or "Does".**

1. ____________ they study their lessons?
2. ____________ she buy a new pen?
3. ____________ he do exercises?
4. ____________ father go to office?
5. ____________ mother love you very much?

**V. Write the short answers.**

**e.g. Do you love your parents?**
**Yes, I do.**

**e.g. Does she eat fish?**
**No, she doesn't.**

1. Does your sister work in a bank?
No, ___________.
2. Do your brothers eat meat a lot?
No, ____________
3. Does U Ba teach you English?
Yes, _________.
4. Do you use phones?
No, ____________.
5. Do you like mangoes?
Yes, ____________.

**VI. Translate the following into English.**

၁။ ကျွန်တော် နေ့တိုင်း အိမ်စာ လုပ်တယ်။ (do homework)
____________________________________.

၂။ သူတို့ ညတိုင်း တီဗွီကြည့်တယ်။ (watch TV / every night)
____________________________________.

၃။ ကိုလေး နေ့တိုင်း သတင်းစာဖတ်တယ်။ (read the newspaper/ every day)
____________________________________.

၄။ မောင်မောင် ကော်ဖီ မကြိုက်ပါ။ (not/ like/ coffee)
____________________________________.

၅။ ဖေဖေ ၈ နာရီမှာ ရုံးသွားတယ်။ (at 8 o'clock/ go to office)
____________________________________.

************************

### Past Simple (V2)

**I. Complete each sentence with Simple Past Tense.**

1. __________ (know) about it.
2. They __________ (work) hard.
3. She ___________ (throw) it into the air.
4. He __________ (get) a present from his parents.
5. We __________ (look) at each other.

**II. Change the following into Negative form.**

**e.g. We ate fish at dinner last night.**
**We did not eat fish at dinner last night.**

1. He threw the letter into the fire.
____________________________________.
2. She spoke English at the meeting.
____________________________________.
3. They ran fast when I saw them.
____________________________________.
4. We sold our old books.
____________________________________.
5. Uncle bought a new car yesterday.
____________________________________.

**III. Change the following into Positive questions.**

**e.g. I did homework last night.**
**Did you do homework last night?**

1. She met them at the airport.
Did ______________________________?
2. They played badminton this evening.
Did ______________________________?
3. I read the newspaper this morning.
Did ______________________________?
4. Daw Lay washed the clothes.
Did ______________________________
5. Min Min went for a swim today.
Did ______________________________?

***********************

ဆက်လက်ဖော်ပြပါမည်

## Grade 6

### Unit : 2
### Lesson 1: Tell me about you!

**Vocabulary exercises:**

**(A) Translate the followings into English.**

1. ရုပ်သံအစီအစဉ်တင်ဆက်သူ __________
2. စားဖိုမှူး __________
3. ဆရာဝန် __________
4. တရားသူကြီး __________
5. ရှေ့နေ __________
6. တယောတီးခတ်သူ __________
7. သင်္ဘောသား __________
8. လေယာဉ်မှူး __________
9. အဆိုတော် __________
10. သူနာပြု __________

**(B) Complete the following words given below into the correct sentences.**

| | | | | |
|---|---|---|---|---|
| chef | nurse | doctor | judge | lawyer |
| violinist | announcer | pilot | sailor | singer |

1. Our ____________ is famous for her delicious cooking.
2. Ma Ma is a _____________. She takes care of patients.
3. A ____________ treats sick people.
4. A ____________ is a person who advises people about the law and represents them in court.
5. A _____________ is a person who makes decisions in court of law.
6. A person who introduces television or radio programs is an _____________.
7. A musician who plays the violin is a _______________.
8. Myanmar Pyi Thein Tan is my favourite _______________.
9. A _____________ is someone who works on a ship or sails a boat.
10. A _____________ is a person who flies aeroplanes, helicopters, and jets.

****************************

### Speaking

**Hobbies and ambitions**

**(A) Complete the conversations with the words in the box.**

like name hobby ambition want

A: What's your _____(1)_____?
B: I'm Zaw Zaw Aung.
A: What's your _____(2)______?
B: My hobby is listening to music.
A: What's your ______(3)______?
B: I _____(4)______ to be a pilot.
A: Why?
B: I ______(5)______ flying.

**********************

**Asking for and giving personal information**

**Dialogue (1)**

**Name–** Phyo Wai Min
**Address–** No. 192 in Sibin Street, Myawady Ward in Tatkon
**Hobby–** dancing, swimming
**Ambition –** a doctor
**Favourite food –** pizza, hotdog

**A: What's your name?**
**B:** My name is _______________________.
**A: What's your address?**
**B:** My address is ______________________.
**A: What is your hobby?**
**B:** My hobbies are _________ and __________.
**A: What is your ambition?**
**B:** I want to become a ______________.
**A: What is your favourite food?**
**B:** My favourite food are ______ and ________.

*****************

## Grade 8

### Unit : 2
### Lesson 1: At a new school

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. The students are playing football in the p____________.
2. An a____________ hall is a very large room used to hold public meetings.
3. A l_____________ is a room or building equipped for scientific experiments, research, or teaching.
4. Zaw Lay is a c___________. He works in an office.
5. Teacher is in the s__________ room. Students are waiting for him in the library.
6. A d_________ is just a waste container that is used for temporarily storing trash.
7. A p_________ is the most important or senior person in an organization or group.
8. We usually have lunch at the school c__________.
9. His aunt is the l__________ of our school library.
10. I study my school lessons in line with the t__________.

**II. Read the following sentences and give response answers.**

**e.g. Are you a new student?**
**Yes, I am. / No, I am not. / No, I'm not.**

1. Is your mother a good housewife?
Yes, _______________.
2. Is your brother a Grade 10 student?
No, ____________.
3. Are you hardworking?
Yes, _______________.
4. Are your friends friendly?
Yes, _____________.
5. Is your sister in Grade 6?
No, _____________.
6. Is it a beautiful day today?
Yes, _____________.
7. Are your parents kind to you?
Yes, _____________.
8. Is your English teacher good at teaching?
Yes, _____________.
9. Are the students of this school smart?
Yes, _____________.
10. Is there a library in your new school?
Yes, _____________.
11. Is the librarian good-natured?
No, _____________.
12. Can you tell me your phone number?
Yes, _____________.
13. Do you like pizza?
No, _____________.
14. Did you study last night?
No, _____________.
15. Do you love your parents?
Yes, _____________.

**********************

Answers

**Unit 2**

**Lesson 1: At a new school**

I. 1. playground; 2. assembly; 3. laboratory; 4. clerk; 5. staff; 6. dustbin; 7. principal; 8. canteen; 9. librarian; 10. timetable;

II. 1. Yes, she is. 2. No, he isn't. 3. Yes, I am. 4. Yes, they are. 5. No, she isn't. 6. Yes, it is. 7. Yes, they are. 8. Yes, he/she is. 9. Yes, they are. 10. Yes, there is. 11. No, she isn't. 12. Yes, I can. 13. No, I don't. 14. No, I didn't. 15. Yes, I do.

**********************

## Grade 9

### Unit 2
### Lesson 1: Most celebrated festivals in Myanmar

**I.Fill in the blanks with the given verbs.**

| lit up | spectacle | burst into | unique | fascinating |
|---|---|---|---|---|
| look out | set off | exhilarating | | |

1. The fireworks ____the night sky with bright colors and sparks.
2. We need to ____for cars before crossing the street to stay safe.
3. The balloon suddenly ____a loud pop, surprising everyone in the room.
4. My friend has a ____ pet–a colorful parrot that can talk and sing!
5. The movie we watched had ____special effects and exciting action scenes.
6. We ____fireworks on New Year's Eve to celebrate the start of the new year.
7. Playing in the big soccer match was ____ as we scored goals and cheered for our team.
8. The circus was a grand ____with acrobats, clowns, and animals performing amazing tricks.

***********

**II. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We had a lot of fun at the f____.
2. The f____lit up the sky with bright colors and loud booms.
3. We made l____out of colorful paper and hung them up around the house.
4. The b____floated up in the air and added a cheerful touch to the party.
5. We d____the room with streamers and balloons for the birthday celebration.
6. The garden was filled with beautiful, c____ flowers of all shapes and sizes.
7. The shiny decorations were so a____ and caught everyone's attention.

***********

**III. Supply the correct form of the verbs given in brackets.**

1. (serve) The waiter ____us our food at the restaurant.
2. (possess) My sister ____a collection of beautiful seashells from her beach trips.
3. (inhabit) Birds ____ nests in trees and build them with twigs and leaves.
4. (comprise) The picnic basket ____ sandwiches, fruits, and drinks for everyone to enjoy.
5. (wander) We can ____ around the park and explore the different paths and gardens.
6. (travel) During summer vacation, we like to ____to new places and see exciting sights.
7. (celebrate) We ____birthdays by singing songs, blowing candles, and eating cake.
8. (enjoy) I ____ playing with my friends at the park and going on the swings.
9. (burst) The balloon ____ when we accidentally dropped it on the floor.
10. (clarify) Please ____your question so that I can better understand what you are asking.

***********

**Speaking**

**(A)Fill in the blanks with the given phrases.**

**Dialogue (1)**

| haven't | amazing | good luck and happiness | special |
|---|---|---|---|

A: Hey, have you heard about the lighting festival in Myanmar?
B: Lighting festival? No, I __(1)__. What is it all about?
A: It's a beautiful celebration where people light up thousands of oil lamps and release them into the sky.
B: Wow, that sounds __(2)__! Why do they do that?
A: It's a way to pay respect to the Buddha and also to bring __(3)__. The sight of all those floating lamps is truly fascinating.
B: I can imagine! Is there anything else __(4)__about the festival?
A: Yes! People decorate their homes and streets with colorful lanterns and there are parades with traditional music and dances. It's a joyful time for everyone to come together and celebrate.

***********

**Dialogue (2)**

| Pagoda festival | during | stalls | pray |
|---|---|---|---|

A: Hey, have you ever been to a pagoda festival?
B: No, I haven't. What is a __(1)__?
A: It's a special event held at a pagoda. People gather to celebrate and show their devotion.
B: That sounds interesting! What do they do __(2)__ the festival?
A: Well, people make offerings to the monks and __(3)__ for blessings.
B: Oh, I see. Is there anything else special about the festival?
A: Yes! There are __(4)__ selling delicious food, games to play, and even traditional performances like puppet shows.

***********

**Ans:**

**Unit 2**

**Lesson 1: Most celebrated festivals in Myanmar**

I. 1. lit up 2. look out 3. burst into 4. unique 5. fascinating 6. set off 7. exhilarating 8. spectacle

II. 1. festival; 2. fireworks; 3. lanterns; 4. balloons; 5. decorated; 6. colourful; 7. attractive;

III. 1. will server; 2. possesses; 3. inhabit; 4. comprises; 5. wander; 6. travel; 7. celebrate; 8. enjoy; 9. burst; 10. clarify;

**Speaking**

**(A) Dialogue(1)**

(1) haven't (2) amazing (3) good luck and happiness (4) special

**Dialogue (2)**

(1) Pagoda festival (2) during (3) pray (4) stalls

***********

## Grade 12

### Unit 2 KEY TO HAPPINESS

**V.(1) Read the passage. (Seen Passage)**

If you were asked the question "What is happiness?", then what would be your answer? It may be hard for you to come up with a clear-cut answer. Your answer may be different from those of other people. Moreover, the definition of happiness may change over time – today's view on happiness may be a different one tomorrow. Thus, happiness is a difficult concept to measure, because it is not constant.

According to the Meriam–Webster Dictionary (2016), 'happiness' means 'a state of well-being and contentment'. Psychologically, when you are in a peaceful state of mind or when you have no stressful factors to think about, you are most likely to feel relaxed and happy. Whatever you are – a student, a worker, a housewife or a pensioner, happiness means a better quality of life.

A group of scientists who have examined a number of studies from across the world have suggested ten ways to achieve happiness:

**1. Have a good relationship with friends and family**

It seems reasonable to assume that what makes people really happy is their relationships with others. Having a wide circle of friends and family is more enjoyable than having a lot of money. In addition, people with large families and lots of close friends are happier than people who live on their own. Sometimes you may not be in a good mood or may feel depressed. At that time, if you hang out with friends or spend time with your family, your stressful feelings will be released. It has even been suggested that a happy home life and good friends can protect against illness.

**(A)Write the correct word or words to complete each sentence. (5 marks)**

1. The question 'happiness' is hard to be _____.
2. Happiness is a difficult concept to measure as it lacks _____in its nature.
3. Being a student, my point of view on _____is a better quality of life.
4. Having a lot of money is not as _____ as having a wide circle of friends and family.
5. When we have a _____ with friends and family, our stressful feelings will be released.

**(B)Answer each question in one sentence. (5 marks)**

6. Why don't we have a clear–cut answer on the question 'What's happiness?'
7. How does the word 'happiness' mean in the Meriam–Webster Dictionary (2016)?
8. When are we most likely to feel relaxed and happy?
9. What is the definition of 'happiness' for a pensioner?
10. What should we do to release our stressful feelings when we feel depressed?

***********

**(2) Read the passage. (Seen passage)**

**2. Love your work and enjoy what you are doing**

Some people feel passionate about their work and love what they are doing. In fact, job satisfaction and career success are important factors for your happiness. For example, you tend to achieve happiness when you can accomplish the tasks you have undertaken or when you become prosperous while doing the work you enjoy.

**3.Be kind and help others**

Treating everyone with kindness is another key element of happiness. Acts of kindness have the potential to make the world a happier place. According to studies by psychologists in different countries, when you help other people, it is not only good for them, it also makes you feel happier. A new survey has also revealed that generous people are happier and healthier than those who are not. The idea is that generosity gives them a nice, warm feeling when people say 'thank you' and show appreciation.

**4. Don't be envious of other people**

The biggest barrier to happiness is envy, which is a state of desiring other people's qualities, possessions, opportunities, etc. in your school or workplace, you will find yourself around people who are doing much better than you are. In that case, if you try not to judge yourself against other people, you will certainly be happier. People who are envious of others are more likely to experience negative emotions such as inferiority, dejection and depression. The best thing you should do is try to replace envy with such positive emotions as sympathy or empathetic joy.

**(A)Write the correct word or words to complete each sentence. (5 marks)**

1. Some people feel an intense devotion for their work and have a genuine _____for what they engage in.
2. In truth, job satisfaction and achieving success in one's career are vital contributors to overall _____.
3. Extending ____ to everyone is another crucial element of happiness.
4. When we lend a helping hand to others, it not only benefits them, but also makes us feel _____.
5. ____ should be replaced with positive emotions.

**(B)Answer each question in one sentence. (5 marks)**

6. What are important factors for your happiness?
7. When do you tend to achieve happiness?
8. What is identified as another key element of happiness?
9. According to studies by psychologists in different countries, what is the benefit of helping other people?
10. Who are more likely to experience negative emotions?

***********

(အဖြေများကို လာမည့်တစ်ပတ်တွင် ထည့်သွင်းဖော်ပြသွားပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။



# အာဆင်နယ်လား၊ ချယ်လ်ဆီးလား၊ မန်ယူလား ဘယ်ကိုသွားမလဲ ကိုင်ဆီဒို

ဘရိုက်တန်အသင်း ကွင်းလယ်ကစားသမား မွိုက်ဆက်ကိုင်ဆီဒိုဟာ ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် ဒီသုံးသင်းထဲက ဘယ်အသင်းကို ပြောင်းရွှေ့ကစားရမလဲဆိုတာနဲ့ ပတ်သက်ပြီး စဉ်းစားရ အခက်ကြုံနေရပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ အီကွေဒေါကြယ်ပွင့် ကိုင်ဆီဒိုဟာ ဘရိုက်တန်အသင်းကို ယူရိုပါလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲမှာ စွမ်းဆောင်ရည်အမြင့်မားဆုံးကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်လည်း ဖြစ်လာခဲ့ပါတယ်။

ကိုင်ဆီဒိုဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းက အီကွေဒေါကလပ် အင်ဒီပင်းဒီယင့်ဒယ်ဗယ်လီအသင်းကနေ ဘရိုက်တန်အသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၄ ဒသမ ၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အဲဒီဘောလုံးရာသီမှာတော့ ကစားခွင့်မရရှိခဲ့ပါဘူး။ ဒါ့ပြင် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီရဲ့ ပထမရာသီဝက်မှာလည်း ဘယ်လ်ဂျီယံကလပ်အသင်းတစ်ခုဆီ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့ရပြီး အခြားသော ဘရိုက်တန်ကွင်းလယ်ကစားသမားတွေ ဒဏ်ရာပြဿနာကြုံခဲ့ရလို့ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ ဘရိုက်တန်အသင်းရဲ့ ပြန်လည်ခေါ်ယူခြင်းကို ခံခဲ့ရပါတယ်။

ကွင်းလယ်ကစားသမား ကိုင်ဆီဒိုဟာ ၂၀၂၂ ခုနှစ် ဧပြီလမှာ ဘရိုက်တန်အသင်းနဲ့အတူ ပရီမီယာလိဂ်ပြိုင်ပွဲ၌ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ဘယ်လ်ဂျီယံမြေမှာ အငှားချထားခြင်းခံထားရတာကနေ အင်္ဂလန်မြေကို ပြန်လည်ရောက်လာချိန်နောက်ပိုင်း ဘရိုက်တန်အသင်းအတွက် ပရီမီယာလိဂ် ၂၆ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ပါတယ်။

အဲဒီလိုပါဝင်ကစားခွင့်ရရှိချိန်မှာ ဘရိုက်တန်အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်ခဲ့တာကြောင့် အာဆင်နယ်အသင်းက ပေါင်သန်း ၇၀ နဲ့ ကမ်းလှမ်းခဲ့ပေမယ့် ဘရိုက်တန်အသင်းကတော့ ငြင်းဆိုခဲ့တာဖြစ်ပါတယ်။ ကိုင်ဆီဒိုဟာ သူ့အနေနဲ့ ဘရိုက်တန်အသင်းကနေ ထွက်ခွာချင်တဲ့အကြောင်း အိတ်ဖွင့်ပေးစာတစ်စောင်ကိုလည်း အသင်းတာဝန်ရှိသူတွေထံ ပေးပို့ခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းမှာတော့ စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့တယ်လို့ သတင်းတွေ ထွက်ပေါ်ခဲ့ပါတယ်။

ပြီးခဲ့တဲ့နှစ် စက်တင်ဘာလအတွင်းက ဂရေဟမ်ပေါ်တာ ဘရိုက်တန်အသင်း နည်းပြဖြစ်လာခဲ့ပြီးနောက် ကိုင်ဆီဒိုဟာ အဓိကကွင်းလယ် ကစားသမားတစ်ဦးအဖြစ် ပွဲထွက်ကစားခွင့်ရရှိခဲ့ကာ ပြီးခဲ့တဲ့ဘောလုံးရာသီက အခြားသော ပရီမီယာလိဂ်ကစားသမားတွေကြားထဲမှာ စွမ်းဆောင်ရည်အမြင့်ဆုံးကစားသမားတွေထဲက တစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရတာဖြစ်ပါတယ်။

ဒါကြောင့် အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားခြင်းခံခဲ့ရတာဖြစ်ပါတယ်။ အာဆင်နယ်အသင်းကတော့ ကိုင်ဆီဒိုအပြင် ဝက်စ်ဟမ်းကွင်းလယ်လူ ဒီကလန်ရိုက်နဲ့ ချယ်လ်ဆီးကွင်းလယ်လူ ကိုင်ဟာဗက်တို့ကိုလည်း ခေါ်ယူဖို့စီစဉ်နေတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကတော့ ဇန်နဝါရီလကလည်း ကိုင်ဆီဒိုကို ခေါ်ယူဖို့ ကြိုးစားခဲ့ပါသေးတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းရဲ့ ပေါင် ၅၅ သန်းနဲ့ ခေါ်ယူမှုဟာ ငြင်းဆိုခံခဲ့ရပါတယ်။ ချယ်လ်ဆီးအသင်းဟာ နည်းပြသစ် ပိုချက်တီနိုလက်ထက် အခုအပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ ကွင်းလယ်ကစားသမားအများစု ဆုံးရှုံးခဲ့ရပါတယ်။

ချယ်လ်ဆီးကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ကိုဗာဆစ်က မန်စီးတီးအသင်းဆီ၊ ကန်တီက အယ်လ်အီတီဟက်ဒ်အသင်းဆီ၊ ရူဘင်လော့ဖ်တက်ချီက အေစီမီလန်အသင်းဆီ အသီးသီးပြောင်းရွှေ့ခဲ့ကြတာဖြစ်ပါတယ်။ ကိုင်ဟာဗက်ကလည်း အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့ဖို့နီးစပ်နေပြီဖြစ်လို့ ကိုင်ဆီဒိုအနေနဲ့ ချယ်လ်ဆီးအသင်းကိုသာ ပြောင်းရွှေ့ခဲ့ရင် ပုံမှန်ပွဲထွက်ကစားရဖို့ အသေချာဆုံးလို့ ဆိုရမှာပါ။

မန်ယူအသင်းကလည်း ကွင်းလယ်ပိုင်းထပ်မံအားဖြည့်ဖို့ ကိုင်ဆီဒိုကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။ ဒါပေမယ့် ဘရိုက်တန်အသင်းရဲ့ အကောင်းဆုံးကွင်းလယ်ကစားသမားလို့တင်စားရလောက်တဲ့ ကိုင်ဆီဒိုကို ယခုအချိန်မှာ အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်းနဲ့ မန်ယူအသင်းတို့က အပြိုင်အဆိုင်ခေါ်ယူဖို့ ကြိုးစားနေပေမယ့် ကိုင်ဆီဒိုအနေနဲ့ ဒီသုံးသင်းထဲက ဘယ်အသင်းကိုပြောင်းရွှေ့သွားမလဲ ဘရိုက်တန်အသင်းမှာပဲ ဆက်ရှိနေမလားစောင့်ကြည့်ကြရဦးမှာဖြစ်ပါတယ်။

# ကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်တဲ့ ဖာဘရီဂတ်စ်

အာဆင်နယ်အသင်း၊ ဘာစီလိုနာအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ရဲ့ ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ဖာဘရီဂတ်စ်ဟာ ဘောလုံးကစားသမားဘဝကနေ အနားယူလိုက်ပြီဖြစ်တယ်လို့ ဇူလိုင် ၂ ရက်မှာ ကြေညာလိုက်ပြီဖြစ်ပါတယ်။

အသက် ၃၆ နှစ်အရွယ်ရှိ စပိန်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ဟာ စပိန်အသင်းနဲ့အတူ ကမ္ဘာ့ဖလားတစ်ကြိမ်၊ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလားနှစ်ကြိမ်နဲ့ ဘာစီလိုနာအသင်းနဲ့အတူ လာလီဂါဖလားတစ်ကြိမ်တို့ကို ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ဖာဘရီဂတ်စ်အနေနဲ့ အီတလီကလပ် ကိုမိုအသင်းနဲ့ ကစားသမားဘဝကုန်ဆုံးခဲ့ပြီးနောက် နည်းပြဘဝကို ပြောင်းလဲတာဝန်ထမ်းဆောင်ဖို့ စီစဉ်နေပြီဖြစ်တယ်လို့ သိရပါတယ်။ ဖာဘရီဂတ်စ်ဟာ ၂၀၀၄ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ အာဆင်နယ်အသင်းမှာ ပါဝင်ကစားခဲ့တာဖြစ်ပြီး အာဆင်နယ်အသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၂၁၂ ပွဲ ပါဝင်ကစားပေးခဲ့ကာ အက်ဖ်အေဖလားကိုလည်း ရယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။



အဲဒီနောက်မှာတော့ ဘာစီလိုနာအသင်းနဲ့အတူ သုံးရာသီကြာဖြတ်သန်းခဲ့ပြီး ၂၀၁၄ ခုနှစ်မှာတော့ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ပါဝင်ကစားခဲ့ရကာ ချယ်လ်ဆီးအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၂၀၀ ကျော် ပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။

ဖာဘရီဂတ်စ်ဟာ ၂၀၁၀ ပြည့်နှစ်က တောင်အာဖရိကမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ စပိန်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ ကမ္ဘာ့ဖလားကို ပထမဆုံးရယူဆွတ်ခူးပေးနိုင်ခဲ့ပြီး ကစားသမားဘဝတစ်လျှောက်မှာ ဘာစီလိုနာအသင်း၊ အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်း၊ မိုနာကိုအသင်းနဲ့ ကိုမိုအသင်းတို့မှာ ပါဝင်ကစားခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောကသတင်းတိုများ

- ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆားလ်အသင်းဟာ မန်ယူအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်တဲ့ ဂိုးသမား ဒီဂီယာကို ခေါ်ယူဖို့ ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။
- အာဆင်နယ်အသင်းဟာ လာမယ့်နွေရာသီအပြောင်းအရွှေ့ကာလမှာ ပီအက်စ်ဂျီအသင်းနဲ့ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပါက အသက် ၂၄ နှစ်အရွယ်ရှိ ပီအက်စ်ဂျီတိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူသွားဖို့ စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- ချယ်လ်ဆီးအသင်းဟာ အသက် ၃၃ နှစ်အရွယ်ရှိ စပိန်နောက်တန်းကစားသမား အက်ပလီကွေတာကို အက်သလက်တီကိုမက်ဒရစ်အသင်းဆီ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့ကစားဖို့ ခွင့်ပြုလိုက်ပြီဖြစ်တယ်လို့ သိရပါတယ်။
- ဝက်စ်ဟမ်းအသင်းဟာ အင်္ဂလန်ကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်ကို အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၁၀၅ သန်းနဲ့ ရောင်းချရေး သဘောတူညီဖို့ မျှော်လင့်ထားတယ်လို့ သိရပါတယ်။
- ရိုးမားအသင်းနည်းပြ မော်ရင်ဟိုဟာ မန်ယူအသင်းမှ ဘရာဇီးကွင်းလယ်ကစားသမားဖရက်ဒ်ကို စာချုပ်ချုပ်ဆို ခေါ်ယူဖို့ ပစ်မှတ်ထားလျက်ရှိတယ်လို့ သိရပါတယ်။
- ချယ်လ်ဆီးအသင်းမှ ခရစ္စတီယန်ပူလီဆစ်ဟာ အေစီမီလန်အသင်းသို့ ကာလရှည်စာချုပ်နဲ့ ပြောင်းရွှေ့ကစားဖို့ စည်းမျဉ်းအရ သဘောတူညီမှုရရှိထားပြီဖြစ်တယ်လို့ သိရပါတယ်။
- အက်စ်တွန်ဗီလာအသင်းဟာ ဘာစီလိုနာအသင်းမှ စပိန်တောင်ပံကစားသမား ဖာရန်တောရက်စ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဒါမှမဟုတ် ယူရို ၂၅ သန်းဖြင့် ဝယ်ယူရန် ပြင်ဆင်လျက်ရှိတယ်လို့ သိရပါတယ်။

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၉)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၉)နှစ်(၆)လထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၃ ခုနှစ်၊ ဇူလိုင်လ(၃၁)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## အမည်ပြောင်းခြင်း

ခင်စန်းအိ(ခ) ခင်စန္ဒာဝင်း [၁၂/လသန(နိုင်)၀၀၅၆၄၆]ကို ခင်စန္ဒာဝင်း အမည်သို့ ပြောင်းလဲခေါ်ဆိုပါရန်။ **ခင်စန်းအိ(ခ) ခင်စန္ဒာဝင်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၅-၆၊ အလယ်ပိုင်းရပ်ကွက်)၊ ဦးပိုင်အမှတ်(၆၄)၊ ဧရိယာ(၀.၀၆၁)ဧကရှိမြေသည် ဒေါ်ဥ၊ ဒေါ်စီစီသန်း အမည်များဖြင့် (၈-၂-၂၀၂၃) မှ (၇-၂-၂၀၅၃)ထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး ဒေါ်ဥ၊ ဒေါ်စီစီသန်းတို့ထံမှ မအူပင်မြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင် မှူးရုံး၏ (၁-၆-၂၀၂၃) ရက်စွဲပါစာချုပ်အမှတ် (၁၈/၂၀၂၃) ဂရန်မြေနှင့် အဆောက်အဦ အရောင်းအဝယ်စာချုပ်ဖြင့် မအူပင်ခရိုင်၊ မအူပင်မြို့၊ (၅)ရပ်ကွက်၊ တေဇလမ်း၊ အမှတ်(၇၄)နေ ဦးဇော်ထက် [၁၄/မအပ(နိုင်)၁၉၃၆၉၆]နှင့် ဒေါ်ဝင်းဝင်းကြည် [၁၄/မအပ(နိုင်)၀၀၄၄၅၄] တို့မှဝယ်ယူ၍ မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ ဂရန်မြေနှင့်အဆောက်အဦ အရောင်းအဝယ်စာချုပ်နှင့်အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အ.လ.က (၄က်ပျောတော)Grade-3 မှ ကျောင်းဝင်အမှတ်(၀၂၈၈) မသန္တာလင်း၏ဖခင်အမည်မှန်မှာ ဦးမင်းမင်းကို [၈/မကန(နိုင်)၁၄၃၈၆၁] ဖြစ်ပါသည်။

**ဦးမင်းမင်းကို**

ရတနာ
သစ်တော
ပြည့်သွေး
ကြော
သစ်တော
ရတနာ
ထိန်းသိမ်း
ပါ

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မဂ္ဂင်လမ်း၊ အကွက်အမှတ် (၁၇)၊ ပဲခူးစုမြောက်ကွက်၊ ဦးပိုင်အမှတ် (၅၈)၊ မြေကွက်အမှတ် (၅၈)၊ ဧရိယာ (၀.၀၈၄) ဧကအကျယ်ရှိ ဂရန်အမှတ်အမှတ် DONO – 1 V/61-62 အရ မချစ်တင်နှင့် မောင်လှမောင် အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး သန်လျင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် (၈/၁၉၇၀) အရ ဦးဘရီနှင့် ဒေါ်စိန်ကြည်တို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးဘရီနှင့် ဒေါ်စိန်ကြည်တို့ ကွယ်လွန်ပြီးနောက် တစ်ဦးတည်းသောသားဖြစ်သူ ဦးမောင်မောင်ခင်မှ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်လာသည့်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမောင်မောင်ခင် (ဘ) ဦးဘရီ [၁၂/သလန(နိုင်)၀၀၆၃၆၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အိမ်ခြံမြေနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း (မူရင်း)အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ အိမ်နှင့်မြေ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးသန္တာ (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၇၉၉/၂၀၁၄)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၀၁၉၂၈၂၅** | **ဖုန်း-၀၉-၄၂၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၄

| | | |
|---|---|---|
| ဒေါ်ထွေးထွေးရီ | နှင့် | ဦးသိန်းမောင် |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅) ရပ်ကွက်၊ သန္တာ(၂)လမ်း၊ အမှတ်-(၇၃၃)နေ ဦးသိန်းမောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ( ၁၄ )ရက် ( ၁၃၈၅ ခုနှစ် ၊ ပထမဝါဆိုလဆုတ် ၁၂ ရက် ) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဇွန်လ (၃၀) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

GOOD LUCK MYANMAR COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်–122323404 ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို GOOD LUCK MYANMAR COMPANY LIMITED သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၃-၆-၂၀၂၃)ရက်စွဲဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်– ၄/၅၆၅၀/၂၀၂၃ ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည် –

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဘက်ထရီအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်းထုပ်ပိုးသည့် စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူထုပ်၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ ပါဆယ်ထုပ်အစရှိသည်တို့ပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ဖော်ပြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ GOOD LUCK MYANMAR COMPANY LIMITED ၏ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအဖြစ် အသုံးပြုခဲ့ပြီးသော ဖော်ပြပါ တံဆိပ်အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ GOOD LUCK MYANMAR COMPANY LIMITED ၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ တုပခြင်း၊ ပုံတူ(ပုံမှား)ပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားပြုပြင်ပြီး အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန်နှင့်အကယ်၍ တစ်နည်းနည်းဖြင့် တုပပြုလုပ် ဖြန့်ဖြူးရောင်းချခဲ့ပါက ကုမ္ပဏီ၏အကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးမှုတို့အတွက် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်စွာတရားစွဲဆို အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၄)**
**အမှတ်(၂၂၆/ဒုတိယထပ်)၊ ဝိဇယပလာဇာ၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

## ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းအဆင့် (၁)၊ မြေကွက်အမှတ် (၁၁၂၀)၊ (၁၁၂၁) အလျား ၈၀ ပေ x အနံ ၆၀ ပေအကျယ်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးကူနာလန်(ခ)ဘာဘူ အမည်ဖြင့် ချထားပေးသည့်(ပါမစ်) မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ်သက်၍ အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်ကို ဦးကူနာလန်(ခ)ဘာဘူထံမှ အရောင်းအဝယ်သဘောတူကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဆုနွယ်ထွန်း (ဘ) ဦးခင်ညို [၁၂/သလန (နိုင်) ၁၃၁၆၁၉] မှ အရှုပ်အရှင်းကင်းစွာ လက်ရှိထားပိုင်ဆိုင်ပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးပူပါလား(ဘ)ဦးကူမူးဆာမိ [၁၂/သကတ(နိုင်)၁၁၃၁၇၈]က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်(၂)ကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ့်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉-၄၂၀၅၃၁၁၀** | **ဖုန်း-၀၉-၄၂၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင်၊ တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရှမ်းပြည်နယ်၊ (၂)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၁၂)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်အောင် [၁၂/တကန(နိုင်)၀၇၀၉၃၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရန်ကုန်သစ်)၊ မြေကွက်အမှတ်(၃၄၅)၊ မြေကွက်အမှတ်(၃၄၆/က)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ မြေကွက်အမှတ်(၃၄၆/ခ)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ မြေကွက်အမှတ်(၃၄၇)၊ အကျယ်အဝန်း (၃၃/၈၈ ပေ x ၆၀/၈၁ ပေ)၊ မြေကွက်အမှတ်(၃၈၉)၊ အကျယ်အဝန်း (၂၅/၈၈ ပေ x ၆၀/၈၁ ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက် (၅)ကွက်နှင့် ယင်းမြေကွက် (၅)ကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ရန်ကုန်သစ်)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၃၀)ဟု ခေါ်တွင်သော ရေမီး အစုံ၊ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်း(ခ) ဦးမောင်ဝင်း(ခ)ဦးကျော်ဝင်းအောင် [၉/ခအဇ(နိုင်)၀၀၁၆၇၄]ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်လာခဲ့ကြသူများဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြုကြသူ ဦးဝစ်မာလ်ကူးမား(ခ) ဟယ်ရီ [၁၂/ကတတ(ဧည့်)၀၀၁၀၉၅] နှင့် ဦးအောင်ကိုဇင် [၁၂/တမန(နိုင်)၁၀၅၃၄၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လေးမြိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၃၀၁)**
**အမှတ်-၆၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၇၆၁၃၄၊ ၀၉-၇၉၀၂၃၃၀၁၆**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

GOOD LUCK MYANMAR COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ်–122323404 ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို GOOD LUCK MYANMAR COMPANY LIMITED သည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁၃-၆-၂၀၂၃)ရက်စွဲဖြင့် စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်– ၄/၅၆၅၁/၂၀၂၃ ဖြင့် တရားဝင်မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည် –

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် ဆိုလာအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့ကို ထည့်သွင်း ထုပ်ပိုးသည့် စက္ကူဘူး၊ စက္ကူအိတ်၊ စက္ကူထုပ်၊ ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ်စတစ်ပတ်၊ ပါဆယ်ထုပ် အစရှိသည်တို့ပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြင့် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ဖော်ပြပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ GOOD LUCK MYANMAR COMPANY LIMITED၏ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအဖြစ် အသုံးပြုခဲ့ပြီးသော ဖော်ပြပါ တံဆိပ်အမည်အမှတ်အသား၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ GOOD LUCK MYANMAR COMPANY LIMITED ၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ တုပခြင်း၊ ပုံတူ(ပုံမှား)ပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တံဆိပ်အမှတ်အသားပြုပြင်ပြီး အခြားအမည်များတပ်၍ ဖြန့်ဖြူးခြင်းတို့ကို လုံးဝမပြုလုပ်ပါရန် နှင့် အကယ်၍ တစ်နည်းနည်းဖြင့် တုပပြုလုပ် ဖြန့်ဖြူးရောင်းချခဲ့ပါက ကုမ္ပဏီ၏အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုတို့အတွက် သက်ဆိုင်ရာတည်ဆဲ ဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ ထိရောက်စွာတရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၄)**
**အမှတ်(၂၂၆/ဒုတိယထပ်)၊ ဝိဇယပလာဇာ၊ ဦးဝိစာရလမ်း၊ ဗဟန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ ရွှေဝါထွန်းလမ်း၊ မြေကွက်အမှတ်(၁၀၇၁)၊ (အလျား၄၄ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်ခင်သန်းဆင့်အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို(၁၂-၁၂-၂၀၀၈) ရက်နေ့ နှစ်ဦးနှစ်ဖက်သဘောတူမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ဖြင့် အမည်ပေါက် ဒေါ်ခင်သန်းဆင့် [၁၂/ဒဂန(နိုင်)၀၁၅၇၈၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်မြတ်သူ[၁၂/ရပသ(နိုင်)၀၁၇၈၅၅]မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးအဆိုပါ မြေနှင့်အိမ်အား ယနေ့တိုင်လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph:09-420080932,09-983837110** |

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးညီညီနိုင် (ဘ) ဦးဘန်ရှင် [၁၂/အလန(နိုင်)၀၂၉၇၁၉]မှ ကျွန်တော် ဦးကျော်မြင့်ဇော် (ဘ) ဦးအောင်ကျော်ဝင်း (အင်န်ဘီအင်န်-၂၆၂၉၆၂) [၇/ညလပ(နိုင်)၂၅၄၇၂၀]ထံသို့ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် (၁၀-၈-၂၀၂၂) ရက်နေ့က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၀၀၉/၂၀၂၂)ဖြင့် လွှဲအပ်ခဲ့ပြီး အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်နေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မြင့်ဇော်မှ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နေခြည်ဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၂၈၁)**
**အမှတ် (၄၀) ၊ (၇)လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၃၅၃၂၉၆၈**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗိုလ်ရန်ပြေရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၉၄)၊ အကျယ်(၄၀x၆၀)ပေရှိ ဦးသန်းအောင် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်ကြည် [၁၂/ဒလန(နိုင်)၀၁၇၀၄၆] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်မှုစာရွက်စာတမ်း (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**"ဝယ်သူ၏လွှဲအပ်ချက်အရ"**
**"တရားလွှတ်တော်ရှေ့နေများ"**

| | |
|---|---|
| **ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅)** | **ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂)** |
| **LL.B., WIPO (Switzerland)** | **LL.B., D.B.L, D.I.L** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 01-385205, 09-420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၆၀၂/က)၊ အကျယ်(၂၀x၆၀)ပေရှိ ဒေါ်အလာမာခါတူး အမည်ပေါက်သည့် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လဲ့လဲ့ကြည် [၁၂/ဒလန(နိုင်)၀၄၀၆၅၅] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**"ဝယ်သူ၏လွှဲအပ်ချက်အရ"**
**"တရားလွှတ်တော်ရှေ့နေများ"**

| | |
|---|---|
| **ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅)** | **ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂)** |
| **LL.B.. WIPO (Switzerland)** | **LL.B., D.B.L, D.I.L** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 01-385205, 09-420088970**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၆၀၂/ခ)၊ အကျယ်(၂၀x၆၀)ပေရှိ ဦးကျော်တင့် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှယမင်း [၁၂/ဒလန(နိုင်)၀၈၅၆၃၄] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**"ဝယ်သူ၏လွှဲအပ်ချက်အရ"**
**"တရားလွှတ်တော်ရှေ့နေများ"**

| | |
|---|---|
| **ဦးအောင်နိုင်ထူး (စဉ်-၁၃၅၇၅)** | **ဦးကျော်စွာမြင့် (စဉ်-၁၃၂၈၂)** |
| **LL.B, WIPO (Switzerland)** | **LL.B, D.B.L, D.I.L** |

**အမှတ်(၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 01-385205, 09-420088970**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး

## ဦးရဲမြင့်အောင်

ဒုတိယဌာနမှူး၊ မြို့ပြစီမံခန့်ခွဲမှုဌာန

## အသက်(၅၄)နှစ်

ကျောက်ပန်းတောင်းမြို့နေ (ဦးသန်းစိန်)-ဒေါ်သန်းသန်းတို့၏သား၊ (ဦးဇော်သန်း)-ဒေါ်ကျင်စန်းတို့၏ သားသမက်၊ (ဒေါ်စမ်းစမ်းဝေ)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထူးထက်အောင်၊ မဂျူလိုင်မိုးမြင့်အောင်-မောင်ပြည့်စုံအောင်၊ မောင်စွမ်းထက်အောင်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်ရဲမာန်ထက်အောင်၊ မောင်အဂ္ဂါအောင်တို့၏ ချစ်လှစွာသော အဘိုးသည် ၁-၇-၂၀၂၃ (စနေနေ့) ည ၁၁:၅၅ နာရီတွင် ၉၆ ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရုပ်ကလာပ်ကို ၃-၇-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၇-၂၀၂၃ (သောကြာနေ့)တွင် သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ (ခတ်ချိယမှတ်တိုင်)၊ "အောင်မြေရတနာစာသင်တိုက်" ဆရာတော် ဘုရားကျောင်းသို့ နံနက် ၈ နာရီမှ နံနက် ၁၁ နာရီထိ ရက်လည်ဆွမ်းကျွေး တရားနာကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးရဲမြင့်အောင်

ဒုတိယဌာနမှူး၊ မြို့ပြစီမံခန့်ခွဲမှုဌာန

## အသက်(၅၄)နှစ်

မြို့ပြစီမံခန့်ခွဲမှုဌာန ဒုတိယဌာနမှူး သူငယ်ချင်း ဦးရဲမြင့်အောင် အသက်(၅၄)နှစ် သည် ၁-၇-၂၀၂၃ (စနေနေ့) ည ၁၁:၅၅ နာရီတွင် (၉၆)ပါးရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**တေဇ(၁၇)သူငယ်ချင်းများ**

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## Aloysius Stevens @ ဦးခင်မောင်မြင့်

ဟိုတယ်ခရီး(ငြိမ်း)

## အသက်(၇၈)နှစ်

မန္တလေးမြို့နေ (ဦးဂျိဗစ်တာ-ဒေါ်အာရီကွန်းမေရီ)တို့၏ သားကြီး၊ မောင်နှမ(၁၂)ယောက်တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းနေ ဒေါ်ခင်ဝင်း(သမဝါယမ ဦးစီးဌာန-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ သန်းထွန်းဦး-ဒေါက်တာခင်ချောစုကြည်၊ Mr.Yasushi-လဲ့လဲ့ဝင်း၊ မို့မို့ဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး လေးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးသည် ၃၀-၆-၂၀၂၃(သောကြာနေ့)နံနက် ၃:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၇-၂၀၂၃ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မစ္ဆားပူဇော်ပြီး သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

သုံးခွမြို့နယ်တရားရုံးတော်၌

၂၀၂၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၁

| | | |
|---|---|---|
| ဒေါ်ခင်လှလှစိုး | နှင့် | ဒေါ်ခင်စောမူ |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ (၄)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၁၁၁)နေ တရားပြိုင် ဒေါ်ခင်စောမူ(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃-ခုနှစ်၊ ဇူလိုင်လ ၁၄ ရက် (၁၃၈၅-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃-ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးထွန်းလင်း)**
**မြို့နယ်တရားသူကြီး**
**သုံးခွမြို့နယ်တရားရုံး**

---

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

---

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

## ဦးအောင်သန်း

(မြန်မာ့အလင်း - အောင်သန်း)

စာရေးဆရာ(မြေနီသစ္စာ)

## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းနေ(ဦးဟန်တင်-ဒေါ်အေး)တို့၏သား၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၆)ရပ်ကွက်နေ(ဦးမောင်ကံ-ဒေါ်သိန်းမေ)တို့၏သားသမက်၊ (ဦးစိန်ဝင်း-ဒေါ်အေးမြင့်)တို့၏ညီ၊ (ဦးအောင်မြတ်)- ဒေါ်နုနုရီ၊ ဦးမောင်လှိုင်-(ဒေါ်ကြည်ကြည်ဝင်း)၊ (ဦးစန်းမောင်)-ဒေါ်စန်းစန်းအေး၊ ဒေါ်ခင်အေးဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်း၊ ဖောင်တော်ဦးဘုရားလမ်း၊ အမှတ်(၁၄၃)နေ ဦးမြင့်ကိုကို - ဒေါ်သီတာသန်း၊ ဦးထိန်လင်းအောင်-ဒေါ်နီလာသစ္စာ၊ ဦးရဲမြင့်အောင် - ဒေါ်ဖြူပြာသစ္စာတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေး ငါးယောက်၊ မြစ် သုံးယောက်တို့၏အဘိုး၊ ဒေါ်အေးမြိုင်၏ချစ်လှစွာသော ခင်ပွန်းသည် ၁-၇-၂၀၂၃(စနေနေ့) ညနေ ၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၃-၇-၂၀၂၃ (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၂၃(သောကြာနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆွမ်းဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါ ဖောင်တော်ဦးဘုရားလမ်းရှိနေအိမ်သို့ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ ဒါယိကာမကြီး

## ဒေါ်အုံးမေ

## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ တိုက်အမှတ်(၁၄၈)၊ မြေညီထပ်နေ(ဦးမောင်ငယ်-ဒေါ်သိန်းခင်)တို့၏သမီး၊ (ဦးဘသန်း-ဒေါ်ဖြူ)တို့၏သမီးချွေးမ၊ (ဦးလှသိန်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်ဝင်းမေ်သိန်း[ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)]၊ (ဦးထွန်းအောင်ကျော်)-ဒေါ်ခင်ဥမ္မာသိန်း(မြန်မာ့စာတိုက်လုပ်ငန်း-ငြိမ်း)၊ ဦးသက်နိုင်(ရိုးမဘဏ်၊ မင်္ဂလာဈေး)-ဒေါ်မိုးသီတာသိန်း(ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အင်းစိန်ခရိုင်)၊ (ဦးအောင်လွင်ဦး)-ဒေါ်နီလာသိန်း(သတ္တုဖွံ့ဖြိုးရေးဘဏ်)၊ (ဦးထွန်းကိုကို)-ဒေါ်စပယ်သိန်း(သတ္တုဖွံ့ဖြိုးရေးဘဏ်)တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁-၇-၂၀၂၃(စနေနေ့)၊ ည ၁၁:၀၄ နာရီတွင်(၉၆)ပါးသောရောဂါဖြင့် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃-၇-၂၀၂၃ (တနင်္လာနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ ညနေ ၃ နာရီတွင်ထွက်ပါမည်)။ [ကွယ်လွန်သူအားရည်စူး၍ ၇-၇-၂၀၂၃(သောကြာနေ့) နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူ မိသားစုမှ ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ သီလဝလမ်း၊ အမှတ်(၄၀၆/ခ)ဟုခေါ်တွင်သော (တစ်ထပ်ခွဲ)တိုက် (သို့မဟုတ်) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၈)၊ မြေကွက်အမှတ်(၄၀၆) ဟု မှတ်သားထားသော (၄၀' x ၆၀')အကျယ်အဝန်းရှိ မြေကွက်၏ထက်ဝက်(ခန့်)ဖြစ်သော(၂၀'x၆၀')အကျယ်အဝန်းရှိ (လမ်းမှကြည့်လျှင်ညာဘက်ခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ဆောက်လုပ်ထားသော တစ်ထပ်ခွဲ(တိုက်)အား တရားဝင်ပိုင်ဆိုင်ပါသည်ဟု ဝန်ခံကတိပြုပြောကြားသူ ဒေါ်စန်းသိင်္ဂီဝင်း(ခ)တုတုကလျာ [၁၂/ဒဂမ(နိုင်)၀၁၂၂၁၂] အမှတ်-၃၆/၅၃(ခ) ၄၆x၆၅ ကြား၊ ၆၄(A)လမ်း၊ (ယခင်အခေါ်)ရွှေဝါဖူးလမ်းသွယ်၊ ၄၁x၄၂ လမ်းကြား၊ မဟာမြိုင်(၁) မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (လွှဲအပ်ခံရသူ-ဒေါ် အေးမြတ်သူ [၁၂/ ကခက(နိုင်)၁၂၈၁၆၁] ထံမှ အရပ်ရပ်အကျိုးခံစားခွင့်များနှင့်အတူ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စီစဉ်ဆောင်ရွက်နေပါသည်။

ထိုသို့ဝယ်ယူရန် စီစဉ်ဆောင်ရွက်နေမှုအား တစ်စုံတစ်ရာကန့်ကွက်ပြောဆိုရန် ဆန္ဒရှိသူများသည် ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်မကျော်မီ ခိုင်လုံသော အထောက်အထားများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ပြောကြား ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပြီးနောက်မှ ကန့်ကွက်ပြောကြားလာမှုအဝဝကို ကျွန်ုပ်မှလက်ခံဖြေရှင်းမည်မဟုတ်ဘဲ အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေသက်သက်နိုင်(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၆၆၉၈)**
**အမှတ်-၁၅(၅-လွှာ)စလင်းလမ်း၊ မကျီးတန်းမြောက်(ရှေ့)ရပ်ကွက်၊**
**ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ ၀၉-၄၂၂၆၈၈၂၅၅၊ ၀၉-၇၇၃၀၅၄၆၀၄**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၅၄)၊ ကျောင်းလမ်း၊ မြေကွက်အမှတ်(၁၁၅၅/က)၊ (၂၀ x ၆၀)ပေ အကျယ်ဂန်းရှိ မြေကွက်မှာ ဒုအရာခံဗိုလ်စန်းလွင် အမည်ပေါက် ပါမစ်ဖြစ်ပြီး အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်နှင့်လျှပ်စစ်မီးရေအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မေသင်းကြူ [၁၂/တမန(နိုင်)၁၂၅၀၄၆] နှင့် ဒေါ်ဝင်းလဲ့ဖြူ[၁၂/တမန(နိုင်)၁၃၁၆၇၃]တို့ထံမှ ကျွန်မ ဒေါ်ထက်ထက်လှိုင်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေအရောင်း အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားမူရင်းအပြည့်အစုံနှင့်တကွ ကျွန်မအား လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်လှိုင်**
**[၁၂/ဒဂတ(နိုင်)၀၅၈၈၇၀]**
**အမှတ်(၂၆၅)၊ ပုလောလမ်း၊ (၁၈)ရပ်ကွက်**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၇၉၄၈၆၅၈၂**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ယောဂီဆောင်
(အမျိုးသား/အမျိုးသမီး) ဇရပ်၊ ကုဋီ၊ ရေတွင်း၊ ရေကန်၊ ပိဋကတ်သုံးပုံ၊
မီးသင်္ဂြိုဟ်စက်၊ ဓမ္မကထိကအဆောင်၊ သရဏဂုံဇရပ် ဒါယိကာမကြီး
သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး

## ပါမောက္ခ ခင်စောလှ

**M.B.,B.S, Med.Sc(O.G)F.R.C.O.G**

ပါမောက္ခ/ဌာနမှူး (ငြိမ်း) ဆေးတက္ကသိုလ် (၂)

## အသက် (၇၈)နှစ်

[ဦးဟန်တော်(ဒုတိယအတွင်းဝန်)-ဒေါ်ကြင်ရီ]တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်းနေ ဦးအေးမောင်သန်း [ညွှန်ကြားရေးမှူး(ငြိမ်း)စ. စ. စ)၊ ဥက္ကဋ္ဌ၊ အုပ်ချုပ်ရေးအဖွဲ့၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)]၏ ချစ်ဇနီး၊ တွဲဖက်ပါမောက္ခ ဒေါက်တာ သိန်းသန်းထိုက်[မျက်စိရောဂါပညာဌာန၊ ဆေးတက္ကသိုလ်(၁)]-ပါမောက္ခ ဒေါက်တာ သစ္စာအေးမောင်သန်း [ပါမောက္ခ၊ ဌာနမှူး၊ ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ်(၂)]၏ ချစ်လှစွာသော မိခင်၊ မမေမေတ္တာ သိန်းသန်းထိုက် (ဆေးတက္ကသိုလ်-၁)၏ ချစ်လှစွာသော ဘွားဘွားသည် ၁-၇-၂၀၂၃ (စနေနေ့)ညနေပိုင်းတွင် နေအိမ်၌ ကွယ်လွန်ပါသွားသဖြင့် ၂-၇-၂၀၂၃ (တနင်္ဂနွေနေ့) တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ Dr. ဒေါ်ခင်စောလှ

သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး

## အသက်(၇၈)နှစ်

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)မှ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် သီလရှင်ဆေးကုသဆောင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ နာယက ဦးအေးမောင်သန်း၏ဇနီး ပါမောက္ခ Dr.ဒေါ်ခင်စောလှ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး) အသက် (၇၈)နှစ်သည် ၁-၇-၂၀၂၃(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သီလရှင်ဆေးကုသဆောင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ Dr. ဒေါ်ခင်စောလှ

သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး

## အသက်(၇၈)နှစ်

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)မှ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင်သန်း၏ ဇနီး ပါမောက္ခ Dr.ဒေါ်ခင်စောလှ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး) အသက်(၇၈)နှစ်သည် ၁-၇-၂၀၂၃ (စနေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်ရေးအဖွဲ့**
**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ပြကွက်သစ် ရပ်ကွက်၊ ဘောဂလမ်း၊ အမှတ်(၃၂၇)၊ ဧရိယာအကျယ်အဝန်း (၂၀ပေx၆၀ပေ)ခေါင်းရင်းခြမ်းရှိ ပါမစ်မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်မိတ်ဆွေ ဦးပြုံးချို[၁၂/သဃက(နိုင်) ၀၈၉၀၁၅]မှ တရားဝင်အစဉ်အဆက်စာချုပ်များဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ခဲ့သည့် မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေကွက်ပိုင်ရှင် ဦးပြုံးချို မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း စသည့်ကိစ္စရပ်များကို မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ဥပဒေကြောင်းအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိန်းသိန်းအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၇၀၃)**
**တိုက်(၇၈)၊ (အေ)-၃ လွှာ၊ အောင်မင်္ဂလာလမ်း၊**
**ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၂၆၃၉၅၉၊ ၀၉-၉၆၈၈၅၈၆၉၆**

---

**မူးယစ်**
**ကိုပစ်**
**ပန်းတိုင်**
**သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ NCA စာချုပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ အဆိုပြုချက်များနှင့်အညီ သက်ဆိုင်သူအားလုံး သဘောတူရေးဆွဲထားသည် ဖြစ်၍ ၎င်းလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းသည်သာလျှင် မိမိတို့အားလုံး မျှော်လင့်ထားသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းသော အမွေအနှစ်တစ်ခုကို ချန်ထားရစ်ရန် လိုအပ်သကဲ့သို့ ငြိမ်းချမ်းရေးလုပ်ငန်းများကို လျင်မြန်စွာ လုပ်ဆောင်ရန်လည်း လိုအပ်ပါသည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သည့် (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## ရောဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ အမှတ်ခွဲယူ



ရောဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဇူလိုင် ၂

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၁) ပထမနေ့ကို ဇူလိုင် ၂ ရက်က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရောဝတီအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း နှစ်ဂိုးစီသရေကျခဲ့သည်။

ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၃ မိနစ်တွင် ညီညီအောင်က ရောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသဖြင့် ရခိုင်ယူနိုက်တက်အသင်း တိုက်စစ်ဖွင့်ကစားလာပြီး ၂၈ မိနစ်တွင် ထရာအိုရေး၏ ပေးပို့မှုမှတစ်ဆင့် သန်းကျော်ဌေးက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ သို့သော် ၃၇ မိနစ်တွင် အောင်မင်းသူက အဝေးကန်ချက်ဖြင့် ရောဝတီအသင်းအတွက် ဒုတိယဂိုး ရယူကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ပထမပိုင်းတွင် အရေးနိမ့်နေသည့် ရခိုင်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် ပိုမိုကြိုးပမ်းလာပြီး ၅၃ မိနစ်တွင် မောင်မောင်စိုးက အဝေးကန်ချက်ဖြင့် ချေပဂိုးပြန်သွင်းခဲ့သည်။

ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်းမှ မောင်မောင်စိုးက ရရှိသည်။ ယခုပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၁၃ မှတ်၊ ရောဝတီအသင်းက ၁၁ ပွဲကစား ရှစ်မှတ် ရရှိထားသည်။

ပွဲစဉ်(၁၁) ဒုတိယနေ့ကို ဇူလိုင် ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ဟံသာဝတီအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ သုဝဏ္ဏကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - MNL

## ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ကျင်းပ

နေပြည်တော် ဇူလိုင် ၂

တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ဟူသည့် ဦးတည်ချက်ဖြင့် ကျင်းပလျက်ရှိသည့် ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ဗိုလ်လုပွဲသို့တက်ရောက်**

နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန(က)အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာန (က)အသင်းက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

ညနေပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိနစ် ၉၀ အထိ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ သရေကျနေသဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာ စာမျက်နှာ ၈ ကော်လံ ၁ သို့ ○



ပညာရေးဝန်ကြီးဌာန(က)အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၀၁၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၅

**အာဆင်နယ်လား၊ ချယ်လ်ဆီးလား၊ မန်ယူလား ဘယ်ကိုသွားမလဲ ကိုင်ဆီဒို**

စာမျက်နှာ » ၁၈